မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြို့ပြများဖွံ့ဖြိုးမှုအရှိန်ရ၊ကျေးလက်များဖွံ့ဖြိုးရေးအရှိန်အဟုန်မြှင့်တင်ဆောင်ရွက် ဒေသအတွင်းမျှတစွာတိုးတက်အောင်အခြေခံဒေသများအထိကွင်းဆင်းပံ့ပိုးပညာပေး ဌာနဆိုင်ရာများစုပေါင်းဆောင်ရွက်မှု၊စုပေါင်းတာဝန်ယူမှုဖြင့်တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၅

မန္တလေးတိုင်း ပုဂံ–ညောင်ဦးမြို့၌ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဦးစီး အရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဩဂုတ် ၄ရက် နံနက်ပိုင်းတွင် ပုဂံ–ညောင်ဦးမြို့မှ ထွက်ခွာခဲ့ရာ မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့သို့ နံနက် ၈နာရီ ၄၅မိနစ်တွင် ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရပ်မိရပ်ဖများတွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေစကြိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က မကွေးတိုင်းပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနားတွင် ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများတိုးတက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်

✻ ဒေသတွင်း မြစ်ရေတင်စီမံကိန်းများ အမြောက်အမြားတည်ဆောက်ပေးခဲ့ပြီးဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဒေသတွင်း များစွာတိုးတက်မြင့်မားလာခဲ့။

✻ အထွက်တိုး စပါးမျိုးသစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရန် သုတေသနပြုဖော်ထုတ်ပြီး တောင်သူလယ်သမားများကို ဦးဆောင်မှုပေးရန်လို။

✻ နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်သည့် မကွေးတိုင်းတွင် နိုင်ငံတော်နှင့် တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် ပဲအမျိုးမျိုး အရှိန်အဟုန်မြှင့် စိုက်ပျိုးထုတ်လုပ်။

✻ ဒေသတွင်း အစိုဓာတ်ရရှိရေး သစ်တောစိုက်ခင်းများထူထောင်၊ တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်။

✻ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ပီပီပြင်ပြင်ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ဒေသတွင်း ရာသီဥတုပြောင်းလဲကောင်းမွန်လာ။

ဧရာဝတီ၊သံလွင်မြစ်ရေ ဆက်လက်ကျဆင်းနေ

ရန်ကုန် ဩဂုတ် ၅

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် လေးပေခန့်နှင့် မကွေးမြို့တွင် သုံးပေခန့် စိုးရိမ်ရေမှတ်များအထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအောက်သို့ ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည်ဘားအံမြို့တွင် ပေဝက်ခန့် စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက် ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေးကြိုးပမ်း

နိုင်ငံတော်၏ စီးပွားရေးသည် အဓိကအားဖြင့် လယ်ယာကဏ္ဍတိုးတက်ဖြစ်ထွန်းမှုအပေါ်တွင် တည်မှီနေသည်။ ထို့ကြောင့် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်အနက် စီးပွားရေးဦးတည်ချက်လေးရပ်တွင် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဟူသည့် ဦးတည်ချက်ကို ထည့်သွင်းထားခြင်းဖြစ်သည်။ ထို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အထူးအလေးထား ဆောင်ရွက်သွားကြရန် လိုအပ်သည်။

လယ်ယာလုပ်ငန်းခွင်များတွင် ပျိုးကြဲစိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လယ်ယာသုံး စက်ကိရိယာများ သုံးစွဲဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်သက်သာမည်ဖြစ်သည်။ လယ်ယာလုပ်သား သုံးစွဲရမှုနည်းပါးခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းတို့ကို ရရှိခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို ပိုမိုသုံးစွဲဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ရန်ကုန်တိုင်း ၂၀၀၄–၂၀၀၅ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းအဆင့် စပါး အတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲနှင့် ၂၀၀၃–၂၀၀၄ခုနှစ် လယ်ယာ ကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းက လှည်းကူး မြို့နယ် ဖလစ်အနောက်ကျေးရွာ ရန်ကုန်မြို့ပတ်လမ်းမကြီးပေါ်ရှိ လယ်သမားကြီး ဦးရဲမြင့်အောင်၏ လယ် ၁၁ဧက၊ လယ်သမားကြီးဦးအောင်စိုး၏ လယ်ခုနစ်ဧကနှင့် လယ်သမားကြီးဦးမြတ်သိန်း၏ လယ်ခုနစ်ဧက စုစုပေါင်းလယ်မြေ ၂၅ဧကတွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားပြီးဆုများ ချီးမြှင့်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင်–

"နိုင်ငံတော်က စပါးတစ်ဧက တင်း၁၀၀ထွက်ရှိရေးနှင့် တစ်နိုင်ငံလုံး စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးအတွက် ရည်မှန်းထားရာ ရည်မှန်းချက်ပြည့်မီရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သီးနှံများအထွက်တိုးအောင် ဆောင်ရွက်ရမည့်နည်းလမ်း လေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ကန်အောင် စိုက်ပျိုးရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့်ဒေသထွက် သဘာဝမြေဩဇာများ ပေါင်းစပ် သုံးစွဲရေးနှင့် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်လာအောင် ဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း"

ပြောကြားသွားသည်။

ရန်ကုန်တိုင်းအနေဖြင့် ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၂သိန်း စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယနေ့အထိ ၁၁ဒသမ၄၅သိန်းအထိ စိုက်ပျိုးပြီး လျာထားချက်အပေါ် ၉၅ ဒသမ ၄၃ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်တစ်ဝန်းလုံး စိုက်ပျိုးထုတ်လုပ်နိုင်မှုကိုကြည့်ပါက ၁၉၆၂–၆၃ခုနှစ်တွင် မိုးစပါးဧက ၁၂သန်းနီးပါး စိုက်ပျိုးပြီး စပါးတင်းသန်း၄၀၀ခန့် ထွက်ရှိသည်ကို တွေ့ရှိရသည်။ ၁၉၈၂–၈၃ ခုနှစ် တွင် စပါးဧက ၁၂ဒသမ၉ သန်းစိုက်ပျိုးပြီး စပါးအထွက်တင်း သန်း၆၈၀ထွက်ရှိလာသည်ကို တွေ့ရှိရ သည်။ ၂၀၀၁–၂၀၀၂ခုနှစ်တွင် မိုးစပါးဧက၁၃သန်းနှင့် နွေစပါးဧက နှစ်သန်းစိုက်ပျိုးပြီး စပါးအထွက်တင်း သန်းပေါင်း ၁၀၅၀ထွက်ရှိခဲ့သည်။ ၂၀၀၃–၂၀၀၄ခုနှစ်တွင် မိုးစပါးဧက ၁၃ဒသမ၄၃သန်းနှင့် နွေစပါး ဧက ၃ဒသမ၁၀သန်းစိုက်ပျိုးကာ စပါးအထွက်တင်း သန်းပေါင်း၁၁၅၆ တင်းအထိ တိုးတက်ထွက်ရှိ လာသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်အနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော် တစ်ဝန်းလုံးတွင် ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ စွာကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ယင်းတို့မှရရှိသည့် စိုက်ပျိုး ရေများကို အကျိုးရှိစွာအသုံးပြုပြီး သီးထပ်စွမ်းအားတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရ မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏လူဦးရေအများစု နေထိုင်ကြသည့် ကျေးလက်ဒေသများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် ကျေးလက်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၆–၈–၂၀၀၄

(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Cost Accounting (Control of Material Cost) (ဒုတိယနှစ်–စီးပွား/စီမံ)
၅း၃၀ ၁၀။ ပညာခေတ်
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
၆း၄၀ ၁၇။ လျှပ်တစ်ပြက်
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း–၁၄)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားစေသမား"** (အပိုင်း–၂၇)

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာရင်းစစ်များလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်းဖွင့် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၅

စာရင်းစစ်များ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ စာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ စာရင်းစစ်ချုပ်ရုံးနှင့် ဒေသဆိုင်ရာစာရင်းရုံးများမှ စာရင်းစစ် ၁၁၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လခန့်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မင်္ဂလာဒုံမြို့နယ်အခြေခံပညာ အလယ်တန်းကျောင်းအမှတ်(၄) ပညာရေး မိသားစု၏ ဝါဆို သင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ဆရာဆရာမများက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းစဉ်။ (၃၆၃)

ပဲခူးမြို့ လိပ်ပြာကန်ရပ် ကိုယ့်မင်းကိုယ့်ချင်းလမ်းအမှတ်၅၆၀နေ နှစ်ဖက်သော ဘိုးဘွား၊ မိဘ၊ဆရာသမားများအား ရည်စူး၍ ဦးသိန်းဟန်–ဒေါ်တင်ကြည် သားသမီး မြေးတစ်စုတို့က ဦးသိန်းဟန်၏ (၈၁) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်နှင့် ဒေါ်တင်ကြည်၏ (၇၇) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အဖြစ် ဆွမ်းပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က–ဝ)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ပန်းဘဲတန်းမြို့နယ် အမှတ်(၁၁) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက်က အမက (၂) ခန်းမတွင်ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရည်ရွယ်ချက်ရှင်းလင်း အမျိုးသမီးထုကြီးတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ရေးဟောပြော

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမဥ္စကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့်အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ဝင်းရွှေ၊ ဒုတိယဝန်ကြီးများ၏ဇနီးများဖြစ်ကြသော ဒေါ်မာလာသိန်းနှင့် ဒေါ်သဇင်နွယ်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့တို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ရည်ရွယ်ချက် ခုနစ်ရပ်၊ ဖွဲ့စည်းပုံအဆင့်ဆင့်၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်မှုဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအဖွဲ့ ၁၆ ဖွဲ့၏လုပ်ငန်းတာဝန်များ၊ အဖွဲ့ချုပ်၏မွန်မြတ်သော ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် အမျိုးသမီးထုကြီးတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဟောပြောသည်။

အထိမ်းအမှတ်လက်ဆောင်ပေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေး ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ဝင်းရွှေက ပညာရေးဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၀ သိန်းနှင့် အထိမ်းအမှတ် လက်ဆောင်များပေးအပ်ပြီး ဟောပြောပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့သည် ပညာရေးလုပ်ငန်း အဖွဲ့ဝင်များနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ဟောပြောပွဲအခမ်းအနားကို ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမဥ္စ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း ရှင်းလင်းဟောပြောစဉ်။ (ပညာရေး)

ဝိပဿနာတရားတော် ဟောကြားချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်မြို့ ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဆရာတော်ဘဒ္ဒန္တ ကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာ စရိယ) အရှင်မြတ်က ဂျပန်နိုင်ငံ တိုကျိုမြို့ဂေါတမီဝိဟာရ၌ ဩဂုတ် ၇ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် သတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ညောင်တုန်း၊ ပန်းတနော်နှင့် မအူပင်မြို့ စည်ပင်သာယာရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လှည့်လည်ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့အား ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို မြေပုံကားချပ်များဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဇရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီးကလိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားသည်။ **(ဝဲပုံ)**

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့သို့ ဆက်လက်ထွက်ခွာပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်က စည်ပင်သာယာရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့သို့ ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက မြို့သာယာလှပသန့်ရှင်းရေးလုပ်ငန်း၊ ရေစီးရေလာကောင်းမွန်ရေး၊ ပန်းအလှစိုက်ပျိုးရေးလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်မျက်ရတနာနယ်မြေအသီးသီးမှကျောက်မျက်ရတနာလုပ်ကွက်များ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များထုတ်ပေးမည်

ရန်ကုန် ဩဂုတ် ၅

၂၀၀၄ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း သက်တမ်းကုန်ပြီးသည့် လုပ်ကွက်များ၊ ဇူလိုင်လမှ စက်တင်ဘာလများအတွင်း သက်တမ်းကုန်မည့် လုပ်ကွက်များနှင့် ကြေညာချက်အမှတ် (၆/၂၀၀၃)နှင့် (၃/၂၀၀၄)တို့ဖြင့် ကြေညာ၍ အဆိုပြုလွှာများလက်ခံခဲ့သည့် သတ်မှတ်လုပ်ကွက်(အသစ်)များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကော်မတီအဆင့်ဆင့်က စိစစ်အတည်ပြုပြီးပါက ပွင့်လင်းရာသီတွင် လုပ်ငန်းများစတင်ဆောင်ရွက်နိုင်ရန် ၂၀၀၄ခုနှစ် ဩဂုတ်အတွင်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည် ဖြစ်သည်။

ထို့အပြင် ၂၀၀၄ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း သက်တမ်းကုန်မည့် လုပ်ကွက်များကို ခွင့်ပြုမိန့်များ ထုတ်ပေးနိုင်ရန် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၈ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အဆိုပြုလွှာများကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရန် ကြေညာချက်များ ထုတ်ပြန်ဆောင်ရွက်လျက် ရှိသည်။ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ရက်အတွင်း အဆိုပြုလွှာများ တင်သွင်းရန် လိုအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါ်ဂျာနယ်ထွက်ပြီ

ရန်ကုန် ဩဂုတ် ၅

ကွန်ဂရက် ကျူလေးရှင်းလူမင်း၊ စိတ်ကိုမထိန်း နိုင်သေးတဲ့ ရတနာပုံ၊ ချစ်ကံခေတဲ့ ဂျန်ဂျယ်ဟော့စ်၊ နိုင်ငံတကာအဆင့် အကျိုးပေးတဲ့ မြန်မာမင်းသမီးလေး၊ မင်းမော်ကွန်းကြောင့် ခက်တယ်၊ ကုသိုလ်ကောင်းပုံက၊ မဒမ်လွင်မိုးရဲ့ ဘေဘီဖန်နေချာ၊ ဒါရိုက်တာ နီကိုရဲရဲ့ပါးပါးလေးနဲ့အပျင်းပြေ၊ ဘိုဘိုနှင့်သူ့ဘဝ၊ သူ့အတွေး၊ သူ့အနုပညာ၊ မြင်သူငေးရင်မလေးရတဲ့ အော်စကာဆုရ ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး အိန်ဂျလီနာဂျိုလီစသော ပြည်တွင်းပြည်ပ ရုပ်ရှင်၊ ဂီတစုပေါ်အနု ပညာရှင်များ၏ ဘဝကောက်ကြောင်း ပုံရိပ်များနှင့်အတူ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် သက်မွန်မြင့်၏စတိုင်လ်အလှ ရောင်စုံဓာတ်ပုံတို့ဖြင့်စုပေါ်သတင်း ဂျာနယ်အမှတ် (၂၅)ကို ဆင်တောင်ကြီးစာပေ အမှတ် ၄၁၊ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၆-၈-၂၀၀၄
(သောကြာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ ရိုးရာကျေးလက်ကစားနည်း
၈း၀၅ ၇။ အကပြိုင်ပွဲ
၈း၁၅ ၈။ ကြေးမုံရိပ်သွင်တေးနယဉ်
၈း၂၅ ၉။ ကပ်တဲလ်ကြိုးတံတား
၈း၃၀ ၁၀။ International News
၈း၄၅ ၁၁။ English For Everyday Use
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြုအားလုံး)(ဓာတုဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇း၄၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၅၀ ၉။ တေးဂီတအစီအစဉ်
၁၈း၀၀ ၁၀။ မြန်မာစာ၊ မြန်မာစကား
၁၈း၁၅ ၁၁။ Discovery
၁၈း၃၀ ၁၂။ ညနေခင်းသတင်း
၁၉း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးနတ်မယ်”** ဇာတ်သိမ်းပိုင်း(အပိုင်း-၄၆)
၁၉း၃၀ ၁၅။ နှောင်းခေတ်တေးပဒေသာ
၁၉း၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာရုပ်ရှင် **‘ချစ်ခြင်း၏အခြားမဲ့၌’** ဒွေး၊မေသန်းနု၊ ခိုင်သင်းကြည် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ကန်တို့ကို ပုံးခွဲတိုက်ခိုက် ကန်တပ်ဖွဲ့ဝင်လေးဦးနှင့် လုံခြုံရေးအစောင့်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများက ကန်တို့ကို ခုခံတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ကြရသည်။

ဘဂ္ဂဒက်နှင့် အီရတ်နိုင်ငံ အနောက်ပိုင်းတွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးပြီး သီးခြားဖြစ်ပွားသော တိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။

သေဆုံး

အီရတ်ကြားဖြတ်ဝန်ကြီးချုပ် အီယက်ဒ်အာလာဝီ ၁၀ ရက်ကြာခရီးမှ ပြန်မရောက်ခင် နာရီပိုင်းအလို၌ ဘဂ္ဂဒက်မြို့လယ်တွင် လမ်းဘေးဗုံးတစ်လုံး အင်္ဂါနေ့က ပေါက်ကွဲခဲ့ရာ ဒေသဆိုင်ရာရဲအရာရှိချုပ် သေဆုံးခဲ့သည်။

ဒဏ်ရာရ

အသေခံကားဗုံးသည် ဘာကူဘာမြို့ပြင်ရှိ စစ်ဆေးရေးစခန်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အခြားအီရတ်အစောင့်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရခဲ့သည်။ ကားတစ်စီးသည် ဆက်ဘ်တီယာစစ်ဆေးရေးစခန်းသို့ မောင်းလာပြီး အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များက မရှာဖွေမီ ကားမောင်းသူက ကားကိုဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိ ဆာဘာနာ ဆစ်ဖ်ဂျက်စ်ဆမ်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်မှ ဆလိုဗက်စစ်ဘက် အင်ဂျင်နီယာ ၉၆ ဦးအုပ်စု နေရပ်သို့ ပြန်လည်ရောက်ရှိ

ဘရာတီဆလာဗာ ဩဂုတ် ၄

ဆလိုဗက်စစ်ဘက်ဆိုင်ရာ အင်ဂျင်နီယာ၉၆ဦး အုပ်စုသည် အလှည့်ကျ တာဝန်ထမ်းဆောင်ရေးအစီအစဉ်အရ အီရတ်နိုင်ငံတောင်ပိုင်းမှနေ၍အင်္ဂါနေ့၌ နေရပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။

ဝမ်းသာ

မိမိတို့ အလွန်ပင်ပန်းသော်လည်း အိမ်ပြန်ရောက်သဖြင့် ဝမ်းသာကြောင်း တပ်ဖွဲ့တပ်မှူး ကာရိုနက်ဗ်ရာတီလ်က ပြောကြားသည်။

မတိုးတက်

အီရတ်၏ မခံရပ်နိုင်သော ပူပြင်းသည့် ရာသီဥတုအပြင် လုံခြုံရေးအခြေအနေသည် အီရတ်ကြားဖြတ်အစိုးရဖွဲ့ ၂၈ ရက်၌ တာဝန်ယူခဲ့ချိန်မှစပြီး တိုးတက်မှုမရှိခဲ့ကြောင်း အင်ဂျင်နီယာအချို့က ပြောကြားသည်။

တိုက်ခိုက်ခံရ

အီရတ်တောင်ပိုင်း၌ ဆလိုဗက် စစ်ဘက်အင်ဂျင်နီယာ သုံးဦးသေဆုံးခဲ့သော စိန်ပြောင်းဖြင့် အတိုက်ခံခဲ့ရမှုကို မိမိတို့ မည်သည့်အခါမှ မေ့မည်မဟုတ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဩဂုတ် ၄ ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၁၇ ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ်လ ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

ကြေညာ

၂၀၀၄ ခုနှစ် ဩဂုတ် ၄ ရက် ဗုဒ္ဓဟူးနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၁၇ ဦးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

သေဆုံး

ယင်းအနက် ၆၈၀ မှာ တိုက်ပွဲ၌သေဆုံးပြီး၊ ၂၃၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှု ရှိခဲ့ရာ ဗြိတိသျှ ၆၀၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၇၇၈ ဦးဖြစ်ပြီး၊ ယင်းအနက် ၅၇၀ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၈ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**



ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးရှိ အဘူဂါရိပ်အကျဉ်းစခန်းအတွင်း အီရတ်အကျဉ်းသားတစ်ဦးအား ရှာဖွေစစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရေနံပိုက်လိုင်းမီးလောင်

ဘဂ္ဂဒက်မြို့အနီး ရေနံပိုက်လိုင်းတစ်ခု တိုက်ခိုက်ခံရပြီးနောက် မီးလောင်ပေါက်ကွဲနေသည်ကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်–အာဆီယံအသင်း ဖွဲ့စည်းထူထောင်မှု အထိမ်းအမှတ်ဧည့်ခံပွဲ ပေကျင်းတွင် ကျင်းပ

ပေကျင်း ဩဂုတ် ၄

တရုတ်–အာဆီယံအသင်း တရားဝင်ဖွဲ့စည်းထူထောင်သည့် အထိမ်းအမှတ်ဧည့်ခံပွဲကို ပေကျင်း၌ အင်္ဂါနေ့က ကျင်းပကြောင်း ဆင်ဟွာက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဧည့်ခံပွဲ၌ တရုတ်အမျိုးသား ပြည်သူ့ကွန်ကရက်(အင်ပီစီ)၏ အမြဲတမ်းကော်မတီ အမျိုးသမီးသဘာပတိ၊ တရုတ်–အာဆီယံအသင်းဥက္ကဋ္ဌ ကူဆူလီယန်က တရုတ်နှင့် အိမ်နီးချင်း အာဆီယံနိုင်ငံများသည် မကြာသေးသောနှစ်များအတွင်း၌ နယ်ပယ်များအားလုံးတွင် အပြန်အလှန် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း ပြောကြားခဲ့သည်။

အနီးကပ်ဆောင်ရွက်

တရုတ်နှင့် အာဆီယံသည် အဆင့်သစ် တစ်ခုသို့ ချဉ်းနင်းရောက်ရှိခဲ့ကြကြောင်း၊ ထိုအဆင့်သစ်တွင် တရုတ်နှင့် အာဆီယံသည် နိုင်ငံရေးဆက်ဆံမှုများ၊ ပြီးပြည့်စုံသော စီးပွားရေးနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုများကို ပိုမို၍ အနီးကပ် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

ရည်ရွယ်

တရုတ်–အာဆီယံအသင်း ဖွဲ့စည်းသည့် ရည်ရွယ်ချက်မှာ နယ်ပယ်အမျိုးမျိုး၌ ပူးပေါင်းဆောင်ရွက်မှု ပို၍ အဆင်ပြေ လွယ်ကူချောမွေ့စေရန်ဖြစ်သည့်ပြင် တရုတ်နှင့် အာဆီယံနိုင်ငံများ၏ ပြည်သူများ ပိုမိုချစ်ကြည်ရင်းနှီးပြီး နားလည်သဘောပေါက်လာစေရန်ဖြစ်ကြောင်း သူမက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်စစ်ယာဉ်တန်းကို ကားဗုံးဖောက်ခွဲတိုက်ခိုက်

နာဂျက်ဖ်၌ အီရတ်ရဲတပ်ဖွဲ့ဝင်ခြောက်ဦး ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ စစ်ဆေးရေးစခန်းအနီး၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့သည်။

အမေရိကန် စစ်ယာဉ်တန်းကို တိုက်ခိုက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီး

အလားတူ လက်နက်ကိုင် တပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် ကယ်ကွတ်မြို့မှ တူရကီနိုင်ငံသို့ပို့သည့် ရေနံပိုက်လိုင်း ပျက်စီးခဲ့ကြောင်း သိရသည်။ အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ အီရတ်ရဲတပ်ဖွဲ့ခြောက်ဦးကို ပြန်ပေးဆွဲ ဖမ်းဆီးထားကြောင်း သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။ အီရတ်ခေါင်းဆောင် အယ်လ် ဆာဒါကို ထောက်ခံသူများနှင့် အီရတ်အစိုးရ တပ်ဖွဲ့များအကြား တနင်္ဂနွေနေ့က ပဋိပက္ခဖြစ်ရာ တစ်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ပါဝင်

ဆာဒါ၏အိမ်ကို ဝန်းရံပိတ်ဆို့ထားသည့် အီရတ်ရဲတပ်ဖွဲ့များထဲတွင် အမေရိကန်တပ်ဖွဲ့များလည်း ပါဝင်ကြောင်း ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **(စီအင်န်အင်န်)**

မြန်မာ့အလင်း



နိုင်ငံတကာသတင်းများ

အိမ်ပျက်စီး

မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ အပြန်အလှန် တိုက်ခိုက်မှုဖြစ်ပွားစဉ် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို ဩဂုတ် ၄ ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆိုမာလီယာဉ်မောင်းအား

ပြန်လွှတ်ပေးမည်

ဘဂ္ဂဒက် ဩဂုတ် ၃

မိမိတို့ ဖမ်းဆီးထားသော ဆိုမာလီထရပ်ကား ယာဉ်မောင်း အာမက်မူဆာအား လွှတ်ပေးရန် မိမိတို့ဆုံးဖြတ်ထားကြောင်း အစ္စလမ္မစ်အုပ်စု တစ်စုက တနင်္လာနေ့၌ ထုတ်ပြန်လိုက်သည့် ဗီဒီယိုတိပ်ခွေထဲ၌ ကြေညာထားသည်။ ၎င်း၏အလုပ်ရှင်ဖြစ်သော ကူဝိတ်ကုမ္ပဏီက အီရတ်၌လုပ်ငန်းများရပ်ဆိုင်းရန် ကတိပေးခဲ့ပြီးနောက် ယင်းသို့လွှတ်ပေးရန် ဆုံးဖြတ်ခဲ့ကြောင်း အဆိုပါအုပ်စုက ပြောကြားသည်။ အယ်လ်ဂျာဇီရာက ထုတ်လွှင့်သည့် ဗီဒီယိုတိပ်ခွေ၌ မျက်နှာဖုံးစွပ်ထားသော လက်နက်ကိုင်သုံးဦးရှေ့တွင် မူဆာအား ဒူးထောက်လျက်တွေ့ရသည်။ အယ်လ်ဂျာဇီရာက ယင်းတိပ်ခွေကို ထိုအုပ်စုထံမှ ရရှိခဲ့ကြောင်း ပြောဆိုသည်။

အီရတ်ရှိ ခုခံတိုက်ခိုက်ရေးပြောက်ကျားများသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ကြားဖြတ်အစိုးရသစ်ကို ထောက်ခံသောကုမ္ပဏီများနှင့် တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံထဲမှ မောင်းထုတ်ရန်ရည်ရွယ်ပြီး ပြန်ပေးဆွဲမှုများ ပြုလုပ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံသားများ

အီရတ်သို့ခရီးမသွားရန် တိုက်တွန်း

ဆိုးလ် ဩဂုတ် ၅

အီရတ်မြောက်ပိုင်းသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား နောက်ထပ်ပို့လွှတ်ရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားရာ တောင်ကိုရီးယားနိုင်ငံသားများ အန္တရာယ်ရှိသော အီရတ်သို့မဟုတ် အခြားဒေသများသို့ မသွားကြရန် တောင်ကိုရီးယားအစိုးရက ဗုဒ္ဓဟူးနေ့၌ တိုက်တွန်းပြောကြားထားသည်။

သတိပေး

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းနှင့် ကာကွယ်ရေးဝန်ကြီး ယွန်ကွမ်အန်တို့ ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဒုတိယနှင့် တတိယအကြိမ် အဖြစ်ဆိုးများဖြစ်လာနိုင်ကြောင်း ဇွန်လထဲ၌ တောင်ကိုရီးယားစားစာခံတစ်ဦး အသတ်ခံခဲ့ရသည်ကို ရည်ညွှန်းကာ သတိပေးပြောကြားသည်။

သို့ရာတွင် ၎င်းတို့က တိကျသော ခြိမ်းခြောက်မှုသတင်းများကို အခြေခံပြီး သတိပေးပြောကြားခြင်း ဟုတ်မဟုတ် ပြောကြားခြင်း မရှိချေ။

အီရတ်အပါအဝင် အန္တရာယ်ရှိသော ဒေသများအားလုံးသို့ ခရီးသွားရောက်ခြင်းကို ထိန်းချုပ်ကြပြီး အန္တရာယ်ရှိသောဒေသများ၌ ကျန်နေကြသောသူများအားလည်း နေရပ် တောင်ကိုရီးယားနိုင်ငံသို့ ပြန်ကြရန် သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ အမြန်သွားရောက်ကြရန် မိမိပြည်သူများအား မေတ္တာရပ်ခံထားကြောင်း ဝန်ကြီးဘန်ကီမွန်းက ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆူဒန်အကျပ်အတည်းနှင့် အီရတ်၌ ကုလသမဂ္ဂ၏အခန်းကဏ္ဍ

လုံခြုံရေးကောင်စီတွင် အဓိကထား ဆွေးနွေးကြမည်

ကုလသမဂ္ဂ ဩဂုတ် ၄

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလှည့်ကျဥက္ကဋ္ဌအဖြစ် အင်္ဂါနေ့ကဆောင်ရွက်သော ရုရှားနိုင်ငံက ဆူဒန်နိုင်ငံ၌ဖြစ်ပေါ်နေသော အကျပ်အတည်း၊ အီရတ်၌ ကုလသမဂ္ဂအခန်းကဏ္ဍနှင့် အကြမ်းဖက်မှုတန်ပြန်ရေး ကုလသမဂ္ဂအဖွဲ့၏ ကြိုးပမ်းမှုများနှင့်ပတ်သက်၍ ယခုလ၌ အဓိကထားဆွေးနွေးရန် သတ်မှတ်လိုက်သည်။

အဖွဲ့ဝင် ၁၅ဦးရှိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား ကွဲပြားစေခဲ့သော အီရတ်နှင့် အခြားပြဿနာများ လုံခြုံရေးကောင်စီက ဖြေရှင်းရာတွင် စုစည်းညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး အင်ဒရေးဒီနီဆော့ဗ်က ကတိပြု ပြောကြားသည်။

ပါဝင်

ခိုင်မာတောင့်တင်းသော ကုလသမဂ္ဂအဖွဲ့အစည်းသည် ရုရှားနိုင်ငံခြားရေးမူဝါဒ၏ ကျစ်လျစ်ပြီး အခြေခံကျသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဩဂုတ်လ၌ လုံခြုံရေးကောင်စီက ဆွေးနွေးမည့်အကြောင်းအရာတွင် ကိုဆိုဗို၊ အာဖဂန်နစ္စတန်၊ အရှေ့အလယ်ပိုင်း၊ ကွန်ဂို၊ ဆိုမာလီ၊ ဘူရွန်ဒီနှင့် အရှေ့တီမော၌ ကုလသမဂ္ဂကဆောင်ရွက်သော လုပ်ငန်းများဆိုင်ရာ အစည်းအဝေးများ ပါဝင်သည်။

(အင်တာနက်)

ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲသည့်နေရာ၌ စစ်ဆေးမှုပြုလုပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ်၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ် ရေလွှမ်းမိုးမှုကယ်ဆယ်ရေး ဒေါ်လာ ၁၃ဒသမ၄သန်း ကူညီကြရန် ယူနီဆက်ဖ်က မေတ္တာရပ်ခံ

ဒါကာ ဩဂုတ် ၄

ရေလွှမ်းမိုးမှုဒဏ်ခံနေရသော ဘင်္ဂလားဒေ့ရှ် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် အရေးပေါ်အကူအညီ အမေရိကန်ဒေါ်လာ ၁၃ဒသမ ၄သန်းကို ယူနီဆက်ဖ်က ကမ္ဘာ့နိုင်ငံများထံ တနင်္လာနေ့၌ မေတ္တာရပ်ခံလိုက်သည်။

ဖော်ပြ

ရေလွှမ်းမိုးမှုဒဏ်ခံရသော ဘင်္ဂလားဒေ့ရှ်ပြည်သူများအတွက် လာမည့်သီတင်းခြောက်ပတ်မှ ရှစ်ပတ်အတွင်း လိုအပ်သည့် ဆေးဝါးများကိုပေးရန် ထိုသို့အရေးပေါ်မေတ္တာရပ်ခံခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ထိုကြေညာချက်၌ ရေလွှမ်းမိုးမှုဒဏ်ခံရသော ကလေးငယ်များနှင့် မိန်းမများအတွက် အကူအညီပေးရန် ယူနီဆက်ဖ်၏ဆောင်ရွက်မှုလုပ်ငန်းများတိုးချဲ့ရန် ငွေကြေးအရေးတကြီးလိုအပ်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

တူရကီလူမျိုးတစ်ဦးအား ပြန်ပေးသမားတို့သတ်ဖြတ်

အန်ကာရာ ဩဂုတ် ၂

အီရတ်နိုင်ငံတွင် ပြန်ပေးသမားများက ၎င်းတို့ဖမ်းဆီးထားသော တူရကီလူမျိုးတစ်ဦးအား သတ်ဖြတ်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သတ်ဖြတ်

မျက်နှာဖုံး စွပ်ထားသော ပြန်ပေးသမားများက အဆိုပါတူရကီလူမျိုး ဓားစာခံအား သေနတ်ဖြင့် သုံးချက်ပစ်ခတ်ပြီး သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ထိုတူရကီလူမျိုး ဓားစာခံ သတ်ဖြတ်ခံရကြောင်း မိမိတို့ အတည်ပြုကြောင်း ဘဂ္ဂဒက်ရှိ တူရကီသံရုံးအရာရှိတစ်ဦးက အေအက်ဖ်ပီသို့ တနင်္လာနေ့က ပြောကြားခဲ့သည်။

အတည်ပြု

သတ်ဖြတ်ခြင်း ခံရသော တူရကီအလုပ်သမား၏ အလုပ်ရှင်မှာ ဘီလင်တာကုမ္ပဏီဖြစ်ပြီး ဝန်ထမ်းတစ်ဦးဖြစ်သူ မူရက်ယုစ် အသတ်ခံရကြောင်း အတည်ပြုပြောကြားသည်။

ပထမဆုံး

အီရတ်နိုင်ငံတွင် တူရကီလူမျိုးအများအပြားကို ခုခံတိုက်ခိုက်ရေးသမားတို့က ပြန်ပေးဆွဲခဲ့သော်လည်း ယခုကဲ့သို့ သတ်ဖြတ်ခြင်းမှာ ပထမဆုံးဖြစ်သည်။ အချို့ကို တူရကီအစိုးရ က မေတ္တာရပ်ခံသဖြင့် လွှတ်ပေးခဲ့သည်။

(အင်တာနက်)

ချစ်ကြည်ရေးခြေစမ်းပွဲ အိန္ဒိယကလပ်အသင်း တစ်ဂိုးဖြင့်နိုင် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်း အတွေ့အကြုံကောင်းများရရှိခဲ့

သတင်းဆောင်းပါး–ကိုထွေး

ရန်ကုန် ဩဂုတ် ၅

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါပြည်နယ်မှ မိုဟမ်ဘဂမ်ဘောလုံးအသင်းတို့ ယနေ့ညနေ ၄ နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ မိုဟမ်ဘဂမ်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မိုဟမ်ဘဂမ်အသင်းသည် ပထမ ခြေစမ်းပွဲ၌ အဖွဲ့ချုပ်လက်ရွေးစင် အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသဖြင့် ယနေ့ပွဲစဉ်တွင် အနိုင်ရရှိရေး အထူးကြိုးစားကစားသွားသည်။ ဘောလုံးပွဲစတင်ချိန်၌ မိုးရွာသွန်းခြင်းမရှိ၍ စိတ်ကြိုက်ကစားနိုင်ခဲ့ရာ မိုဟမ်ဘဂမ်အသင်းအနေဖြင့် အခွင့်အရေးတစ်ကြိမ်ကို တစ်ဂိုးရရှိအောင် ဖန်တီးနိုင်ခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဖွဲ့ချုပ်လူငယ် ညွှန့်ပေါင်းအသင်းသည် ပထမပိုင်း၌ အခွင့်အရေးနှစ်ကြိမ်ရရှိသော်လည်း ဂိုးမဝင်၍ နစ်နာသွားခဲ့ရသည်။

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းမှ ကွင်းလယ်ဖန်တီးရှင် ရန်နောင်စိုး မိုဟမ်ဘဂမ်အသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ဦးဆောင်ဂိုး

ပွဲစသည်နှင့်နှစ်သင်းစလုံး လျင်လျင်မြန်မြန် အပေးအယူလုပ်ကစားရာ မိုဟမ်ဘဂမ်အသင်းက အချိတ်အဆက်မိမိဖြင့်ထိုးဖောက်နိုင်ခဲ့သည်။ မိုဟမ်အသင်းက အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းထက် ကိုယ်လုံးကိုယ်ထည်ကြီးမားသဖြင့် ဘောလုံးယှဉ်လုလျှင် အားချင်းမမျှဘဲ ဖြစ်နေသည်။ အဖွဲ့ချုပ် လူငယ်ညွှန့်ပေါင်းအသင်းက ဘောလုံးကိုမထိန်းဘဲခပ်မြန်မြန်လှူပေးကစားရာ တစ်ဦးနှင့်တစ်ဦးနားလည်မှုလွဲပြီး ဘောလုံးများဆုံးရှုံးသွားခဲ့ရသည်။ မိုဟမ်ဘဂမ်အသင်းသည် ပထမပွဲစဉ်ထက်အချိတ်အဆက်မိမိဖြင့်ကစားကွက်ဖော်နိုင်ခဲ့ရာ ပွဲစပြီး မကြာမီဦးဆောင်ဂိုးရရှိခဲ့သည်။ မိုဟမ်ဘဂမ်အသင်းအတွက်တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ခုနစ်မိနစ်တွင် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်း အသင်းဂိုးရှေ့သို့အမြောက်ကန်ပို့သည့် ဘောလုံးကိုကျောနံပါတ် (၃၂) Malswama ကခေါင်းတိုက်သွင်းယူသည်။

စိတ်လှုပ်ရှားမှုများ

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းသည် နိုင်ငံတကာပွဲ အတွေ့အကြုံအားနည်းသည့်အလျောက် ပွဲအစပိုင်းတွင်စိတ်လှုပ်ရှားမှုများပြီး အပေးအယူလုပ်ရာတွင်လိုသွားခြင်း၊ ပိုသွားခြင်းများဖြစ်နေသည်။ နောက်တန်းလူများကလည်း တစ်ဖက်အသင်း၏အင်အားသုံးကစားမှုကို စိုးရိမ်စိတ်ဝင်ပြီး ကြုံသလိုဖျက်ထုတ်နေသဖြင့် တိုက်စစ်ကို မပံ့ပိုးနိုင်ခဲ့ပေ။

မိုဟမ်ဘဂမ်အသင်းက ဦးဆောင်ဂိုးရရှိသွားပြီးနောက် ချေပဂိုးမပေးရေးအတွက် နောက်တန်းကို လုံခြုံအောင်လုပ်ကာ အခွင့်အရေးရမှ ထိုးဖောက်ကစားနေသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်း အလယ်တန်းမှဘောလုံးရလျှင် တိုက်စစ်ဆင်ရာ၌နောက်ကျနေပြီး နောက်ပြန်ပေးမှုများ၍ တစ်ဖက်အသင်းကို ခြိမ်းခြောက်နိုင်မှု အားနည်းခဲ့ရသည်။

လူစားလဲ

အဖွဲ့ချုပ် လူငယ်အသင်းသည် မိုဟမ်ဘဂမ်အသင်း၏ ကစားကွက်နောက်မှ လိုက်ကစားနေရပြီး တိုက်စစ်အားလျော့နေ၍ ပွဲချိန် ၂၈မိနစ်တွင် စထက်နိုင်ဝင်းအစား ထက်အောင်၊ နေဝင်းအစား အောင်သန်းဝင်းတို့ကို လူစားလဲလိုက်သည်။ လူစားလဲလိုက်ပြီးနောက် အလယ်တန်းနှင့် ရှေ့တန်းအချိတ်အဆက်မိလာပြီး ပွဲမှာ သူတစ်ပြန် ကိုယ်တစ်ပြန် ဖြစ်လာသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းကစားကွက်ဖော်လာနိုင်ပြီး မိုဟမ်ဘဂမ်အသင်းဘက်ကို အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သည်။ မိုဟမ်ဘဂမ်အသင်းက ခန္ဓာကိုယ်ထွားကျိုင်းပြီး အရပ်မြင့်မားမှုကြောင့် အမြင့်ဘောများ တင်သည့်အခါ နောက်တန်းက အကြိမ်ကြိမ်ခေါင်းတိုက်ဖျက်ထုတ်ခြင်းခံရသည်။

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းသည် ပထမပိုင်း ပြီးခါနီးလာသည့်နှင့်အမျှ ကစားကွက်ကောင်းလာပြီး သေချာပေါက် ဂိုးရနိုင်သည့် အခွင့် အရေးများ ရရှိခဲ့သည်။ ပွဲချိန် မိနစ် ၄၀ တွင် လှအေးထွေး တစ်ဦးတည်း ကျွတ်ထွက်သွားပြီး ကန်သွင်းရာ ဂိုးတိုင်ဘေးမှ မဆိုသလောက်ကပ်ထွက်သွားသည်။ ပွဲချိန် ၄၃ မိနစ်တွင် ထက်အောင် ခင်းပေးသည့် ဘောလုံးကို ပယ်နယ်တီ ဧရိယာအပြင်ဘက်မှ ဇော်မျိုးမင်း တိုက်ရိုက်ကန်သွင်းရာ ဂိုးအပေါ် ထောင့်နားမှ ဂိုးဝင်လုဝင်ဆဲတွင် မိုဟမ်ဘဂမ် ဂိုးသမားလက်နှင့်ထိသည် ဆိုရုံလေး ပုတ်ထုတ်နိုင်၍ ဂိုးကံခေခဲ့ရသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် မိုဟမ်ဘဂမ်အသင်းက ဂိုးရရှိရေးထက် ဂိုးထပ်မပေးရရေးကို အဓိကထားကာ ခံစစ်အားပြုကစားသွားသည်။ အဖွဲ့ချုပ်လူငယ်အသင်းက ဘောလုံးပိုင်ဆိုင်မှုများများဖြင့် မိုဟမ်ဘဂမ်အသင်းဘက်သို့ ထိုးဖောက် ကစားသော်လည်း အချင်းချင်း အပေးအယူ လုပ်ရာ၌ အချိတ်အဆက်မမိဘဲ ဖြစ်နေသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်း ကစားအားမကျဘဲ တိုက်စစ်ဦးစားပေး ကစားသွားသော်လည်း မိုဟမ်ဘဂမ် အသင်းက အတွေ့အကြုံနှင့် သမ္မာသာလွန်မှုကြောင့် ချေပဂိုးမပေးရရေး အတွက်ထိန်းကစားကာ ပွဲအပြီးတွင် တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အဖွဲ့ချုပ်လူငယ် ညွှန့်ပေါင်း အသင်းသည် အသင်းဖွဲ့စည်းထားသည်မှာ အချိန်အားဖြင့် တိုတောင်းသလို နိုင်ငံတကာပွဲကစားဖူးသူအနည်းငယ်သာပါဝင်၍ အသင်းလိုက် ကစားကွက် စိတ်တိုင်းကျ မဖြစ်ခဲ့သော်လည်း လူငယ်များ အတွေ့အကြုံ ရယူနိုင်ခဲ့သည်။ အဖွဲ့ချုပ် လူငယ် အသင်းသည်ကစားသမားခုနစ်ဦးတိတိ လူစားလဲကစားခဲ့ရာ နိုင်ငံတကာ ပွဲမကစားဖူးသေးသူများ ပွဲအတွေ့အကြုံရရှိခဲ့၍ အမြတ်ထွက်သည်ဟု ဆိုနိုင်သည်။

ခြေရည်သွေး

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းသည် ယနေ့ပွဲစဉ်၌ တစ်ဂိုးဖြင့်ကပ်ရှုံးခဲ့သော်လည်း နိုင်ငံတကာပွဲ အတွေ့အကြုံရရှိခဲ့သလို လူငယ်ဘောလုံးသမားများ ခြေရည်သွေးခွင့် ရရှိခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲပစ်မှတ်ရှိနေ၍ အကောင်းဆုံး အနေအထားရရှိပြီး မိုဟမ်ဘဂမ်အသင်းကို ခြေစွမ်းပြအနိုင်ရရှိခဲ့သည်။

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်း၏ ယနေ့ပွဲကစားသွားပုံမှာ လိုအပ်ချက်များရှိနေ၍ ကြိုးစားရန် လိုအပ်နေဆဲဖြစ်သည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းကို အဆင့်မြင့်တန်းကလပ်အသင်းများမှ အသက်ငယ်ရွယ်သူများကိုအခြေခံကာ ရွေးချယ် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံခြားမှ ဘောလုံးအသင်းတစ်သင်း မြန်မာနိုင်ငံသို့ ရောက်ရန်ရှိပြီး အဖွဲ့ချုပ်လူငယ် ညွှန့်ပေါင်းအသင်းနှင့်ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဟုသိရသည်။ အဆိုပါ ခြေစမ်းပွဲများအပေါ် အခြေခံ၍ ခြေစွမ်းပြနိုင်သူများကို အနာဂတ် မြန်မာ့လက်ရွေးစင်အသင်းအတွက် ရွေးချယ်သွားမည်ဖြစ်ရာ လူငယ်ဘောလုံးသမားများအနေဖြင့် အခွင့်အရေးကောင်းတစ်ရပ်ဟု ဆိုပေမည်။

ယနေ့ပွဲစဉ်၌ ဘောလုံးဝါသနာရှင် ပရိသတ်များ နှစ်ဖက်အသင်းကို မျှမျှတတ အားပေးခဲ့ကြသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းမှ ဘောလုံးသမားများ ဘောလုံးအပေးအယူအမှားအယွင်းရှိ၍ အားမလိုအားမရဖြစ်ကြသည်မှလွဲလျှင် ကောင်းလျှင်ကောင်းသလို လက်ခုပ်တီး အားပေးခဲ့ကြသည်။ အတွေ့အကြုံ နုနယ်သောလူငယ်ဘောလုံးသမားများဖြစ်၍ ပရိသတ်၏အားပေးမှုသာ မကောင်းခဲ့လျှင် စိုးရိမ်စိတ်ဝင်ကာ အမှားပိုများသွားနိုင်သည်။ ပရိသတ်အားပေးမှုမျှတကောင်းမွန်မှုကြောင့် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်း အသင်း အနေဖြင့် ပွဲအစပိုင်းသာ အမှားများပြီး ပွဲရှိန်ရလာသည်နှင့်အမျှ တည်တည်ငြိမ်ငြိမ် ကစားသွားနိုင်ခဲ့ခြင်း ဖြစ်သည်။

သူတို့ပါဝင်

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းတွင် **(ဂိုး)** ဇော်မိုးထက်၊ **(နောက်တန်း)** မင်းမင်းထွန်း (ကျော်ဒွန်း)၊ အောင်ထွန်းလင်း၊ ချမ်းချမ်း (အေးဆန်း)၊ ဇော်မျိုးမင်း၊ ဝင်းမင်းထွဋ်၊ **(အလယ်တန်း)** ရန်နောင်စိုး (မျိုးဇော်ဦး) (ခင်မောင်လွင်)၊ လှအေးထွေး (မင်းသူအောင်)၊ နေဝင်း (အောင်သန်းဝင်း)၊ **(ရှေ့တန်း)** စထက်နိုင်ဝင်း (ထက်အောင်)နှင့် ကျော်ကျော်စိုးတို့ ပါဝင်ကစားခဲ့ကြသည်။

တွေ့ဆုံမေးမြန်း

ခြေစမ်းဘောလုံးပြိုင်ပွဲအပြီးတွင် အဖွဲ့ချုပ် လူငယ်ညွှန့်ပေါင်းအသင်းမှ တာဝန်ရှိသူများအား မြန်မာ့အလင်းက တွေ့ဆုံ မေးမြန်းခဲ့သည်။ ရှေးဦးစွာ အုပ်ချုပ်သူ ဦးကီးလှတင်အား ပွဲအပေါ်ထင်မြင်ချက် သဘောထားကို မေးမြန်းရာ "ယနေ့ပွဲတွင် နှစ်သင်းစလုံးကြိုးစားကစားခဲ့ကြ၍ ပွဲကောင်းတစ်ပွဲဖြစ်ပါကြောင်း၊ မိုးဖွဲဖွဲသာရွာသဖြင့် ကွင်းခြောက်ပြီး စိတ်ကြိုက်ကစားနိုင်၍ မိုဟမ်ဘဂမ်အသင်း ပထမပွဲကထက် ကစားအားတက်လာကြောင်း၊ ကစားရသည့်အနေအထား ပိုကောင်းကြောင်း၊ ပထမပွဲရှုံးထား၍ ယနေ့ပွဲတွင် အနိုင်ရရှိရေးအတွက် အသေအချာ အားထည့်ပြီးကစားခဲ့သည်ကို တွေ့ရကြောင်း၊ ပွဲချိန်တစ်လျှောက်လုံး တင်းတင်းရင်းရင်း ကစားသွားခဲ့ကြောင်း၊ မိမိတို့အသင်းမှ ကလေးများအတွေ့အကြုံ နည်းကြသလို စုစည်းလေ့ကျင့်ချိန်လည်း အနည်းငယ်သာရှိခဲ့ကြောင်း၊ မိမိတို့အသင်းရှုံးသော်လည်း ရလဒ်အပေါ် ကျေနပ်မှုရှိပါကြောင်း၊ နိုင်ငံတကာပွဲ မကစားဖူးသေးသည့် ကလေးများ ယခုလို ပထမဆုံးနိုင်ငံတကာပွဲ ကစားခွင့်ရ၍ အတွေ့အကြုံ အမြတ်ရရှိပါကြောင်း၊ တစ်ဖက်အသင်းက လူကောင်ကြီး၍ မိမိတို့ ကလေးများ တစ်ဦးချင်းယှဉ်ရာတွင် အခက်အခဲရှိကြောင်း၊ ဂိုးရရှိအောင် ဖန်တီးအသုံးချမှု အားနည်းချက်များရှိ၍ ပြုပြင်သွားရမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍နည်းပြချုပ်ဦးအေးမောင်ကြီးအား ပွဲအပေါ်သဘောထားအမြင်ကို မေးမြန်းရာ "မိုဟမ်ဘဂမ်အသင်းအနေဖြင့် ပထမပွဲထက်စာလျှင် ပိုကောင်းလာကြောင်း၊ ကွင်းခြောက်၍ စိတ်ကြိုက်ကစားသွားခဲ့ကြောင်း၊ မိမိတို့လည်း ဂိုးရနိုင်သည့် အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့ကြောင်း၊ အဆိုပါနှစ်ဂိုးဝင်လျှင် မိမိတို့အနိုင်ရမည်ဖြစ်ကြောင်း၊ မိုဟမ်ဘဂမ်အသင်းအနေဖြင့် ကစားကွက်ဖော်နိုင်သည်မှာမှန်သော်လည်း ဂိုးသွင်းခွင့် များများစားစားမရခဲ့ကြောင်း၊ အနိုင်မရသော်လည်း ကိုယ့်ရှိသလောက် ကစားနိုင်ခဲ့၍ ရလဒ်အပေါ် ကျေနပ်ပါကြောင်း၊ လေ့ကျင့်ရက် အနည်းငယ်သာရခဲ့၍ ကစားကွက်နှင့် အံချော်သည်များရှိခဲ့ကြောင်း၊ ဂိုးရရှိအောင် ဖန်တီးနိုင်မှု အားနည်းနေသေးကြောင်း၊ လူစားခုနစ်ဦးလဲပြီး အလားအလာကောင်းသူများ နိုင်ငံတကာပွဲကစားခွင့် ရရှိအောင်လုပ်ပေးနိုင်ခဲ့၍ အမြတ်ထွက်သည်ဟု ဆိုနိုင်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရားစီရင်ရေးဆိုင်ရာမှာကြားချက် ရှေ့နေချုပ်နှင့်ဥပဒေအရာရှိများလုပ်ငန်းညှိနှိုင်းပွဲအတွေ့အကြုံရှင်းလင်း

ရန်ကုန် ဩဂုတ် ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ မှာကြားချက်များနှင့် ရှေ့နေချုပ်နှင့် ပြည်နယ်/တိုင်းဥပဒေအရာရှိများ၏ (၂၅)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအတွေ့အကြုံပြန်လည်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ယင်းရှင်းလင်းပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဥပဒေအရာရှိ ဦးကျော်မိုးနိုင်နှင့် ဒုတိယတိုင်းဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများတက်ရောက်ကြပြီး ရန်ကုန်တိုင်းဥပဒေအရာရှိက ဇူလိုင် ၂၈ရက်တွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ မှာကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားပြီး ရှေ့နေချုပ်နှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအတွေ့အကြုံများကို ပြန်လည် ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ် သက်ကြီးပူဇော်မည်

ရန်ကုန် ဩဂုတ် ၅

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင် ဝါဆို ဝါကပ်တော်မူကြသည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနကအမ္ဗုပြုသော စာချ၊ စာသင်သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အသက်(၇၅)နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါကျောင်းတိုက်အသင်းတည်ရာ ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်တွင်ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် မြို့နယ်သူမြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။

သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ပဓာနနာယကဆရာတော်ထံတွင်ဖြစ်စေ၊ ဦးမောင်မောင် ဖုန်း–၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း– ၅၇၂၁၆၂၊ ဦးမောင်မောင်လှ ဖုန်း–၂၈၇၅၇၆၊ ဦးမြင့်လွင် ဖုန်း–၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း–၆၆၆၄၅၆၊ ဦးကံဦး ဖုန်း–၆၆၆၉၂၃၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း–၃၈၂၇၄၁ တို့နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

စက်ဘီးအားကစားသမားများယာဉ်အန္တရာယ်ကင်းရေး ယာဉ်မောင်းများအထူးဂရုပြုမောင်းနှင်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ အနီးကပ်ကြီးကြပ်စီမံမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ရန်ကုန်–ပဲခူး–ရန်ကုန်အသွားအပြန်ကီလိုမီတာ ၁၆၀ အမျိုးသားအလွတ်တန်းနှင့် ကီလိုမီတာ ၈၀ အမျိုးသမီးအလွတ်တန်း တာဝေးစက်ဘီးပြိုင်ပွဲကို ဩဂုတ်၇ ရက်(စနေနေ့)နံနက် ၆နာရီတွင် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းရှေ့မှ စတင်တာလွှတ်၍ ပြိုင်ပွဲစတင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် အမျိုးသားအားကစားသမားများသည် ဝေဇယန္တာလမ်းအတိုင်း တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်တို့ကိုဖြတ်ပြီး ခရေပင်လမ်းခွဲမှ ပြည်လမ်းအတိုင်း ထောက်ကြံ့သို့ လည်းကောင်း၊ ထောက်ကြံ့မှ လှည်းကူးမြို့နယ်၊ အင်းတိုင်တို့ကိုဖြတ်ပြီး ပဲခူးမြို့အဝင် လမ်းလယ်ကျွန်းအဆုံး နံပါတ်(၁)သို့ ပြိုင်ပွဲဝင်စီးနင်း၍ ၄င်းမှပြန်ကွေ့ပြီး လာလမ်းအတိုင်း ပြန်လည်စီးနင်းလျက် ပြည်လမ်းမပေါ်ရှိ ဒေဝူးအထည်ချုပ်စက်ရုံရှေ့(ပျဉ်းမပင်)၌ ပန်းဝင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အမျိုးသမီးအားကစားသမားများသည် အမျိုးသားအားကစားသမားများ စီးနင်းသည့်လမ်းအတိုင်း ပြိုင်ပွဲဝင်စီးနင်းပြီး အင်းတိုင်(၁၀)မိုင်ကုန်းမှ ပြန်လှည့်၍ ပြည်လမ်းမပေါ်ရှိ ဒေဝူးအထည်ချုပ်စက်ရုံရှေ့(ပျဉ်းမပင်)၌ ပန်းဝင်ကြမည်ဖြစ်သည်။

သို့ပါ၍ အဆိုပါနေ့ရက်အချိန်တွင် ပြိုင်ပွဲဝင်နေကြသည့် အားကစားမောင်မယ်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်းများကဦးစားပေးအနေဖြင့် အထူးဂရုပြု မောင်းနှင်ပေးကြရန် သက်ဆိုင်ရာကမေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ

လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်

မိတ္ထီလာမြို့ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

အစိုးရနည်းပညာကောလိပ် (စစ်တွေ)

ရခိုင်ပြည်နယ် စစ်တွေမြို့၌ တည်ဆောက်ထားသော အစိုးရနည်းပညာကောလိပ်(စစ်တွေ)၏ ပင်မဆောင် (သုံးထပ်ဆောင်)ကို ဤသို့တွေ့ရသည်။

အမက(၃၃)သဃ်န်းကျွန်းမြို့နယ်

သဃ်န်းကျွန်းမြို့နယ်တွင် ရွှေတောင် အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်နှင့် တော်စတာ ဆောက်လုပ်ရေးတို့က ဆောက်လုပ်လှူဒါန်းသည့် အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ်ကို ဤသို့ တွေ့ရသည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

* ***ရှေ့ဖုံးမှ***

ရှေးဦးစွာ ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းက ရေစကြိုမြို့နယ်၏ တည်နေရာ အကျယ်အဝန်း၊ မြေသယံဇာတ၊ ရေဇယံဇာတ၊ ၂၀၀၃-၂၀၀၄ ခုနှစ် သီးနှံစိုက်ပျိုးနိုင်မှု၊ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှု အဓိကသီးနှံ ၁၀ မျိုးစိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာ ဆန်၊ ဆီနှင့် ပဲမျိုးစုံဖူလုံမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု၊ စီးပွားရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်

ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်ချက်များနှင့် ပံ့ပိုးစေလိုသော လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေစကြိုမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ပံ့ပိုးပေးသင့်သည်များကို ပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရေစကြိုမြို့နယ်သို့ ပခန်းကြီး၊ ပခန်းငယ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်ခဲ့ချိန်မှစတင်၍ မကြာခဏရောက်ရှိခဲ့ပြီး မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မှုများကို ကူညီပံ့ပိုးပေးခဲ့ပြီဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဒေသအတွင်း မြစ်ရေတင်စီမံကိန်းများ အမြောက်အမြား တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ဒေသ၏စိုက်ပျိုးရေးလုပ်ငန်းများလည်း များစွာတိုးတက် မြင့်မားလာခဲ့ပြီဖြစ်ကြောင်း။

ဦးဆောင်မှုပေး

သို့သော် ဒေသရိက္ခာဖူလုံမှု မရှိသေးသဖြင့် ရိက္ခာဖူလုံရေးကို ရည်မှန်းချက်ထားပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့သွားရန်လိုကြောင်း၊ မြန်မာ့

ပေးအပ်

မြန်မာနိုင်ငံ ပညာရေး **ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်နှင့် ကွန်ပျူတာတစ်စုံ တို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။**

(သတင်းစဉ်)

စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ခြောက်သွေ့ပြီး ရေနည်းပါးသည့် မြေလတ်ပိုင်း ဒေသနှင့် ကိုက်ညီသော အထွက်တိုးစပါးမျိုးသစ်များ ပြောင်းလဲစိုက်ပျိုးနိုင်စေရန် သုတေသနပြု ဖော်ထုတ်ပေးပြီး တောင်သူလယ်သမားများကို ဦးဆောင်မှုပေးရန် မှာကြားလိုကြောင်း။

ဤဒေသအတွင်း ပဲအမျိုးမျိုး အပါအဝင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့်အပြင် မကွေးတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် သတ်မှတ်ထားသည်နှင့်အညီ နိုင်ငံတော်အတွက်ရော တောင်သူများအတွက်ပါ အကျိုးဖြစ်ထွန်းစေသည့် ပဲအမျိုးမျိုးကို အရှိန်အဟုန် တိုးမြှင့်စိုက်ပျိုးထုတ်လုပ်သွားရန်လည်း လိုအပ်မှာဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ဝက်၊ ဆိတ်၊ သိုး၊ နွား စသည့် ဒေသနှင့် ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများကို ရွေးချယ်ပြီး စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်စေရအောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက စံပြမွေးမြူရေးခြံ ထူထောင်ပေးမှုအပါအဝင် ကူညီအားပေးမှုများ ဆောင်ရွက်ပေးသွားရန် တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က ပခုက္ကူခရိုင် ရေစကြိုမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အရှိန်အဟုန်မြှင့်တင်

ဤဒေသသည် ပူပြင်းခြောက်သွေ့သော အပူပိုင်းဒေသဖြစ်သည့်အလျောက် ဒေသတွင်း အစိမ်းစိုရေးအတွက် သစ်တောစိုက်ခင်းများထူထောင်ရေး လုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ရှင်မတောင်အပါအဝင် တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုအခါ ဒေသတွင်း စိမ်းလန်းစိုပြည်စပြုလာပြီဖြစ်ရာ သစ်တောကြိုးဝိုင်းများထူထောင်မှု၊ ကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ပီပီပြင်ပြင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ဒေသတွင်း ရာသီဥတု ပြောင်းလဲကောင်းမွန်လာမှာဖြစ်ကြောင်း။

ယခုအချိန်အခါတွင် မြို့ပြများ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရစပြုနေပြီဖြစ်သည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသတွင်းရှိ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ၏အား၊ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများ၏အားများ ပေါင်းစပ်ပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မိမိဒေသအတွင်း အစွန်အဖျားကျေးရွာများအပါအဝင် ကျေးလက်ဒေသ တစ်ခုလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရအောင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက အခြေခံဒေသများဖြစ်သော ကျေးလက်ဒေသများ အထိ ကွင်းဆင်းပြီး လိုအပ်သည်များ ဦးဆောင်ပံ့ပိုးပညာပေး ဆောင်ရွက်ပေးခြင်းအားဖြင့် မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဌာနဆိုင်ရာများအားလုံးက စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၄ ရက်က မကွေးတိုင်း ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဖူးမြော် ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ ဩဂုတ် ၄ ရက်က ရေစကြိုမြို့နယ် ပခန်းကြီး ကျေးရွာတွင် သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည်အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေစကြိုမြို့တိုးချဲ့မြို့သစ် (တမာတန်း)၌ကျင်းပသည့် ဒေါ်ဦး ဘိုးဘွားရိပ်သာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဒေါ်ဦးဘိုးဘွားရိပ်သာဖွင့်လှစ်

ရှေးဦးစွာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အလှူရှင် ဦးအောင်သန်းနှင့်ဇနီးဒေါ်ခင်သန်းဦး (ကံပွင့်သနပ်ခါးအမွှေးတိုင်)တို့က ဖဲကြိုးဖြတ်၍ ဒေါ်ဦး ဘိုးဘွားရိပ်သာကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေါ်ဦး ဘိုးဘွားရိပ်သာမော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဘိုးဘွားရိပ်သာရှိအဘိုးဆောင်၊ အဘွားဆောင်တို့ကိုလှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒေါ်ဦး ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းခြင်းနှင့် အလှူငွေပေးအပ်ပွဲအစီအစဉ်ကို ဘိုးဘွားရိပ်သာစားရိပ်သာဆောင်၌ ကျင်းပရာ ရှေးဦးစွာအလှူရှင် ဦးအောင်သန်းက ဒေါ်ဦး ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင် ဦးအောင်သန်းနှင့်ဇနီးဒေါ်ခင်သန်းဦးမိသားစုက ဘိုးဘွားရိပ်သာဆောက်လုပ်လှူဒါန်း ငွေကျပ်သိန်း ၇၀၀ နှင့် အာဟာရပဒေသာပင်အတွက် မတည်အလှူငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၈၀၀၊ အာဟာရပဒေသာပင်အတွက် အလှူရှင်များကိုယ်စား ဦးလှမင်းက ငွေ ၄၉၀၅၅၅၅ ကျပ်တို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ခံသည်။

ဆေးပဒေသာပင်စိုက်ထူ

ထို့နောက် ဒေါ်ဦး ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်စိုက်ထူလှူဒါန်းကြသည့် အလှူရှင်များကိုယ်စား ဦးထွန်းခိုင်က ငွေကျပ် ၅၁၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေးက လက်ခံသည်။

ဆက်လက်၍ အလှူရှင် ဦးအောင်သန်း-ဒေါ်ခင်သန်းဦးတို့က ဒေါ်ဦး ဘိုးဘွားရိပ်သာနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မကွေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းထွန်းထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် ဒေါ်ဦး ဘိုးဘွားရိပ်သာမှာ အဘိုး ၁၈ ဦးဆံ့ အဘိုးဆောင်တစ်ဆောင်၊ အဘွား ၁၈ ဦးဆံ့ အဘွားဆောင်တစ်ဆောင်၊ စားရိပ်သာတစ်ဆောင်၊ ဓမ္မာရုံတစ်ဆောင်၊ အုပ်ချုပ်ရေးမှူးဆောင်နှင့် ဆေးခန်း၊ ရုံးခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာရှိ စည်သူရှင်မြတ်စွာဘုရားသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စည်သူရှင်မြတ်စွာဘုရားနှင့် သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော်မှတ်တမ်း၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အလှူတော်ငွေများကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစံတင်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စည်သူရှင်မြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စည်သူရှင်မြတ်စွာဘုရား ပရဝဏ်ရှိ သာသနိက အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံထားမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေစကြိုမြို့ ပခန်းကြီးရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းခန်းမ၌ ပြတိုက်တာဝန်ခံအရာရှိ ဦးဌေးဝင်းမောင်က ပခန်းကြီး ရှေးဟောင်းသုတေသနပြတိုက်၌ နောက်ဆုံးတွေ့ရှိ ထိန်းသိမ်းပြသထားသည့် ကုန်းဘောင်ခေတ် ငွေလက်ကြပ်တစ်ခု၊ မြန်မာသက္ကရာဇ် ၁၁၄၃ခုနှစ် ရိုက်နှိပ်ထားသည့် တစ်ဖက်တွင် ဆင်းတု၊ တစ်ဖက်တွင် စေတီပုံပါခဲဖောင်းကြွ ဒင်္ဂါးနှင့် မြန်မာသက္ကရာဇ် ၁၁၆၂ခုနှစ် ရိုက်နှိပ်ထားသည့် ငါးကြင်းနှစ်ကောင်ပါ ကြေးဒင်္ဂါးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးလှကြီးမောင်က စဉ့်ကိုင်အုပ်စု နွားထိန်းကျေးရွာ၌ ဟန်လင်းနေပြည်တော်(ဟံသာနာဂရ) ပါဝင်သော ကျောက်စာတစ်ချပ် ထပ်မံတွေ့ရှိမှု၊ ယင်းကျောက်စာမူရင်းကို ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပို့ဆောင်ထိန်းသိမ်းထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှေးဟောင်းအနုပညာ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး ပခန်းကြီးရှေးဟောင်း သုတေသနပြတိုက်အတွင်း ထိန်းသိမ်းထားရှိသည့် ရှေးဟောင်းမြန်မာ့အနုပညာလက်ရာပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ပေါက်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ ဝင်များသည် ပေါက်မြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်လှမြင့်၊ ဆေးရုံအုပ် ဒေါက်တာအေးမောင်နှင့် ဆရာဝန် ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံရှိ ကလေးကုသဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် အမျိုးသားလူနာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးစန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းရှေ့ မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးစန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကံရွှေတို့က ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လေ့ကျင့်သင်ကြားမှုကြည့်ရှု

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် Computer Skills Room, Audio Visual Room, Language Lab နှင့် ပန်းချီခန်း၊ အိမ်တွင်းမှု(လက်မှု)ခန်း၊ Printed Media Room ၊ ဘုရားခန်း၊ ဂီတ(ရသ)ခန်းတို့ကို လှည့်လည်၍ ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်စကားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ဖြည့်ဆည်းပေးရန်တင်ပြ

ရှေးဦးစွာ ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်သိန်းက ပေါက်မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေသယံဇာတ၊ ရေသယံဇာတ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရန် ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသဝမ်းစာ ဆန်၊ ဆီနှင့် ပဲဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီးဦးစန်းထံ ပေးအပ်သည်။

ညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပညာရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပေါက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးရန် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်း ဖြစ်သည်နှင့်အညီ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုများနှင့် အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဖြည့်ဆည်းပေးမှု များကို ဒေသမှ တာဝန်ရှိသူများနှင့် မေးမြန်းညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

တီထွင်ကြံဆဆောင်ရွက်

ဤကဲ့သို့ နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့မှုများအပေါ် အခြေခံပြီး ဒေသရှိဌာနဆိုင်ရာတာဝန်ရှိသူများက အကျိုးရှိထိရောက်စွာ အသုံးချလျက် မိမိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝီရိယစိုက်ထုတ်ကာ တီထွင်ကြံဆ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း။

ကြပ်မတ်ဆောင်ရွက်

ပေါက်မြို့နယ်ကဲ့သို့ မိုးနည်းခြောက်သွေ့သောဒေသများ၌ စိုက်ပျိုးမြေ တိုးချဲ့ရန် အကန့်အသတ်များရှိနေသည့်အလျောက် ဒေသနှင့်ကိုက်ညီသည့် အထွက်တိုး စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေးအတွက် အထွက်တိုးမျိုးစပါး သုတေသနပြုဖော်ထုတ်ပေးရေး၊ စပါးမျိုးသစ်ပံ့ပိုးပေးရေး၊ အထွက်တိုးစံပြ စိုက်ခင်းများထူထောင်၍ နမူနာပြ

အလှူရှင် ဦးအောင်သန်းနှင့် ဇနီး ဒေါ်ခင်သန်းဦး (ကံပွင့် သနပ်ခါးအမွှေးတိုင်)တို့က ရေစကြိုမြို့ တိုးချဲ့မြို့သစ်(တမာတန်း၌) ဆောက်လုပ်လှူဒါန်းသော ဒေါ်ဦး ဘိုးဘွားရိပ်သာကို တွေ့ရစဉ်။ (သတင်းစဉ်)

စိုက်ပျိုးမှုများကို ဗဟိုအဆင့်မှ အလေးပေး စီမံဆောင်ရွက်ပေးကြရန်နှင့် တိုင်း၊ ခရိုင်အဆင့်တို့က ဆင့်ကဲဆင့်ကဲကူညီပံ့ပိုး ကြပ်မတ်ဆောင်ရွက်သွားကြရန် စိုက်ပျိုးရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးကို မှာကြားလိုကြောင်း။

ညှိနှိုင်းပေါင်းစပ်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ပဓာနကျသည့် အခန်းကဏ္ဍ၌ ရှိနေသည့်အတွက် ကျေးလက်ဒေသများအထိဆင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို အခြေခံကာ မိမိရပ်ရွာ မိမိဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် တိုင်ပင်ညှိနှိုင်း ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၆)

ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ကူးပြောင်းနေတဲ့ မြန်မာနိုင်ငံအဖို့ ထာဝရ ရန်ဖက်၊ ထာဝရမိတ်ဖက်ရယ်လို့ မရှိနိုင်ပါ။ ဒါပေမယ့် ရန်ဖက်၊ မိတ်ဖက် မှန်ကန်စွာခွဲခြားကျင့်သုံးနိုင်ဖို့ လိုပါတယ်။ ဒါမှသာ ဒီမိုကရေစီနိုင်ငံတော်ကို ဘေးအန္တရာယ်အနည်းဆုံးနဲ့ ထူထောင်သွားနိုင်မယ်ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများ ဒီမိုကရေစီထူထောင်ရာတွင် ရန်ဘက်အသွင်များကို ခုလိုတွေ့ရပါတယ်။

(၁) ဈေးကွက်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ် ထူထောင်လိုမှု၊

(၂) ပါတီစုံဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် ထူထောင်တက်လှမ်းနေမှုအပေါ် ဆုတ်ယုတ်ပျက်ပြားအောင် ပိတ်ဆို့အရေးယူမှုများ၊

(၃) အမျိုးသားသင့်မြတ်စည်းလုံးရေးကို သွေးထိုးမြှောက်ပင့်ဖြိုခွဲမှုများ၊

(၄) ဒီမိုကရေစီ ပန်းတိုင်ကို ကြားခုလပ်စခန်းထောက်တွေ မပါဘဲ မိုက်မဲစွာ ခုန်ပျံကျော်လွှားလိုမှု၊ (လက်ယာစွန်းစိတ်ကူးယဉ် ဒီမိုကရေစီလမ်းစဉ်ကို ကျင့်သုံးလိုမှု)

(၅) မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်သော ဒီမိုကရေစီထူထောင်ရေးလမ်းစဉ်ကိုဆန့်ကျင်မှုတို့ ဖြစ်ပါသည်။

မိတ်ဖက်အသွင်တွေကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့စီးပွားရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကြိုးပမ်းမှုတို့အပေါ် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဆန္ဒစွဲကင်းစွာ ကာလဒေသအခြေအနေ အချိန်အခါနဲ့အညီ အပြုသဘော ကူညီမှု၊ အားပေးမှုဖြစ်ပါတယ်။

ဒီကနေ့ **မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံတော်ကို မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်ထူထောင်နေချိန် ဖြစ်ပါတယ်။ ဒီမူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို မလွဲဧကန် ထူထောင်သွားမယ်ဖြစ်ပါတယ်။ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး ပြန်လည်စတင်ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက် အခြေခံမူများကို ညှိနှိုင်းဆွေးနွေးနေပြီ ဖြစ်ပါတယ်။**

အဲဒီလို မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုရေစီနိုင်ငံတော်ကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ထူထောင်သွားနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရဟာ ပါတီအဖွဲ့အစည်းအသီးသီး၊ တိုင်းရင်းသားလူမျိုးအသီးအသီး၊ လူတန်းစားအသီးသီး၊ အလွှာအသီးသီးက ကိုယ်စားလှယ်များကိုသာမက အခြားဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်တွေကိုပါ တာဝန်ကျေပွန်စွာ ဖိတ်ကြားခဲ့ပါတယ်။ အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေးလမ်းမှန်ပေါ်သို့ မရောက်နိုင်သေးတဲ့ အဖွဲ့အစည်းများကိုလဲ ဆက်လက်ဖိတ်ခေါ်ဆဲပင် ဖြစ်ပါတယ်။

> မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံတော်ကို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ထူထောင် နေချိန် ဖြစ်ပါတယ်။ ဒီမူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို မလွဲဧကန် ထူထောင် သွားမယ်ဖြစ်ပါတယ်။ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး ပြန်လည်စတင် ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက် အခြေခံမူများကို ညှိနှိုင်းဆွေးနွေးနေပြီ ဖြစ်ပါတယ်။

အဲဒီလို ကျန်ရှိနေတဲ့ အဖွဲ့အစည်းများအနေဖြင့်လဲ အနောက်ဥရောပ ဒီမိုကရေစီစံကို ပုံတူကူး ကျင့်သုံးလိုမှုတွေနဲ့ ခေတ်နောက်ကျ လူ့အဖွဲ့အစည်းတွေမှာ ပေါ်ပေါက်လေ့ရှိတဲ့ မူဝါဒရေးထက် ပုဂ္ဂိုလ်ရေးဦးစားပေးမှုတွေ၊ သူ့ရဲ့ကောင်းကိုးကွယ်လိုမှုတွေ၊ လက်စားချေရေးအမြင်တွေအပေါ်မှာ လေဟုန်စီးမနေတော့ဘဲ ပြန်လည်သုံးသပ် ဆင်ခြင်သင့်ပါတယ်။

စီးပွားရေးပိတ်ဆို့အရေးယူမှုကအစ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုဆိုးကျိုးတွေကို ပြည်သူတွေ ၁၅ နှစ်တိုင် ခါးသီးစွာ ခံစားကြုံတွေ့လာခဲ့ရပြီဖြစ်ပါတယ်။ အမှန်တကယ် ပြည်သူဘက်က ရပ်တည်မယ်ဆိုရင် ပြည်သူတွေကို အထိနာစေတဲ့ ပြည်ပက စီးပွားရေး ပိတ်ဆို့အရေးယူမှုတွေကို ကာကွယ်တိုက်ဖျက်သွားဖို့ လိုပါတယ်။ ပြည်ပက သွေးထိုးမြှောက်ပင့် ဖြိုခွဲမှုတွေကိုလဲ တိုင်းရင်းသားအင်အားစုချင်း ရင်ချင်းအပ်၊ ကျောချင်းကပ်ပြီး စည်းလုံးညီညွတ်စွာ ခုခံကာကွယ်သွားဖို့ဖြစ်ပါတယ်။ သွေးမကွဲအောင် စည်းလုံးသွားဖို့ ဖြစ်ပါတယ်။

အောင်မိုးခံ

ပြည်ပနိုင်ငံကြီးအချို့ရဲ့ ဩဇာခံဖြစ်ရေးအတွက် အကျပ်ကိုင်ဖိအားပေးစွက်ဖက်မှုတွေကိုလည်း မျိုးချစ်စိတ်ပြည့်ဝစွာ လက်တွဲကာကွယ်တော်လှန်သွားဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူတွေကို အန္တရာယ်ဖြစ်စေသော ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ မစေ့စပ်ရေးလမ်းစဉ်ကို စွန့်လွှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်တွဲပူးပေါင်းဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ အခုလို လက်တွေ့ကျတဲ့ အမျိုးသားရေးတာဝန်ကို မကျေပွန်ဘူးဆိုရင်တော့ အနောက်ဒီမိုကရေစီကို ချက်ချင်းပုံတူကူးရေး စိတ်ကူးယဉ်အဆိုးသံသရာက လွတ်မြောက်နိုင်မယ်မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ အနောက်ဥရောပ ဒီမိုကရေစီစံတွေဟာ မြန်မာလူမှုဘဝနဲ့ မကိုက်ညီနိုင်လို့ ဖြစ်ပါတယ်။ စီးပွားရေး၊ နိုင်ငံရေးဘဝတွေ၊ သမိုင်းကြောင်းနောက်ခံတွေ ခြားနားနေရုံမက မတူညီတဲ့ ယဉ်ကျေးမှုတံတိုင်းကလည်း ကာဆီးနေလို့ ဖြစ်ပါတယ်။

ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ ၁၉၆၂ ခုနှစ်ထုတ် အမျိုးသားယဉ်ကျေးမှုစာစောင် အမှတ်(၁)တွင် မြန်မာစာပါမောက္ခ ဦးအေးမောင်က အခုလို ရေးသားခဲ့ပါတယ်–

"ယဉ်ကျေးမှုအစစ်သည် လူ့အနှစ်၊ အမြုတေရတနာပင်ဖြစ်ကြောင်း ကောင်းစွာ သိရှိကြပေလိမ့်မည်။ ပထဝီအနေအထားကို လည်းကောင်း၊ လူနေမှုစနစ် ဓလေ့ထုံးစံကိုလည်းကောင်း၊ ဆင်ယင်ထုံးဖွဲ့မှုကို လည်းကောင်း၊ ပန်းချီ၊ ပန်းပု၊ အဆို၊ အတီး၊ အကအပြတို့ကိုလည်းကောင်း၊ ကိုးကွယ်သည့်ဘာသာ အယူဝါဒကိုလည်းကောင်း၊ အရေးအသား အတွေးအခေါ် စသည်တို့ကိုလည်းကောင်း မှီတွယ်၍ ယဉ်ကျေးမှုသဘောတရားများ ဖြစ်ပေါ်လာလေ့ရှိသည်။ အကယ်စင်စစ် ကောင်းမွန်သော အမျိုးသားယဉ်ကျေးမှုဟူသည် အမျိုးသားစိတ်ဓာတ်အခြေခံရှိရမည်။ အမျိုးသားသဘောတရား သက်ဝင်ကိန်းအောင်းနေရမည်။ အမျိုးသားစိတ်၊ အမျိုးသားသဘောတရား ကင်းကွာဆိတ်သုဉ်းခဲ့လျှင်ဖြစ်စေ၊ ခေါင်းပါးခဲ့လျှင်ဖြစ်စေ၊ ဆန့်ကျင်ခဲ့လျှင်ဖြစ်စေ၊ မဆီလျော်ခဲ့လျှင်ဖြစ်စေ၊ ဤယဉ်ကျေးမှုမျိုးသည် အမျိုးသားယဉ်ကျေးမှု အစစ်အမှန်ဟု မမှတ်ယူထိုက်ချေ။ မှတ်ယူလက်ခံကျင့်သုံးခဲ့လျှင်ကား မိမိတို့ အမျိုးသားတစ်ရပ်လုံးနှင့်တကွ မိမိတို့တိုင်းပြည်ကို ပစ်ပယ်ရာကျလိမ့်မည်။ မထီမဲ့မြင်ပြုရာလဲ ရောက်ပေလိမ့်မည်။"

ယဉ်ကျေးမှုဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကို တွေးရှုလိုက်မယ်ဆိုရင် အင်မတန်နယ်ကျယ်ကြောင်း တွေ့ရပါတယ်။ လူမှုသူမှုဟူသမျှတွေနဲ့ ဆက်စပ်နေတာကိုလဲ ထင်လင်းစွာ သိသာနိုင်ပါတယ်။ အကျဉ်းချုပ်အားဖြင့် အစီရင်ခံရမယ်ဆိုင်ရင် ယဉ်ကျေးမှုထဲမှာ ကိုးကွယ်တဲ့ဘာသာ၊ အုပ်ချုပ်ရေးနှင့် ပေါင်းသင်းဆက်ဆံရေး ဓလေ့ထုံးစံများ၊ အနုသုခုမပညာတို့ဟာ အကျုံးဝင်လျက် ရှိတယ်လို့ ဆိုရပေမယ်။ အနုသုခုမ ပညာထဲမှာလဲ စာပေအရေးအသားပညာရယ်၊ တူရိယာအတီးအမှုတ် အဆိုအက ပညာရယ်၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာပညာရယ် အဲဒီသုံးခု ပါဝင်နေပြန်ပါတယ်။ ထို့ထက် အတိုချုံးရမယ်ဆိုရင်တော့ 'လူ့လောကရဲ့ အမြုတေ အနှစ်သာရ'ဟူသမျှတို့ဟာ လူ့လောကရဲ့ ယဉ်ကျေးမှု အစစ်ပင်ဖြစ်တယ်လို့ ဆိုရပါမယ်။ ဒါကြောင့် အမျိုးသားအားလုံးရဲ့ အမြုတေ အနှစ်သာရဟူသမျှတို့ဟာ အမျိုးသားအားလုံးရဲ့ ယဉ်ကျေးမှုပေပဲလို့ မှတ်ယူရပါလိမ့်မယ်။"

ဒါကြောင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ခဲ့ချိန်ကစပြီး ဒီကနေ့တည်ဆဲတပ်မတော်အစိုးရဟာ ဒီမိုကရေစီနိုင်ငံတော်ကို အပြောမဟုတ် မိမိတို့လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက် (၄)ရပ် ချမှတ်ပြီး အလုပ်နဲ့လက်တွေ့ထူထောင်လာတဲ့ အစိုးရဖြစ်ပါတယ်။ ဗဟိုကချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စီးပွားရေး၊ နိုင်ငံရေးစနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံး အကောင်အထည်ဖော်လာခဲ့ပါတယ်။ ပါတီစုံရွေးကောက်ပွဲ ကျင်းပပေးခဲ့ပါတယ်။ အရွေးချယ်ခံ ကိုယ်စားလှယ်များနဲ့ လူတန်းစားအသီးသီး၊ အလွှာအသီးသီး၊ တိုင်းရင်းသားလူမျိုးအသီးသီးတို့က ကိုယ်စားလှယ်များပါဝင်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသွားဖို့ အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပပေးခဲ့ပါတယ်။ အဲဒီမှာ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးနဲ့ သူဖြုံရင် ငါမည်းမယ်ဆိုတဲ့ အတိုက်အခံပြုမှုတွေ ပေါ်ပေါက်တဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် အချိန်ကြာညောင်း လာခဲ့ရပါတယ်။ ဒါပေမယ့် နိုင်ငံတော်ကို ဘယ်ခေတ် ဘယ်အခါနဲ့မှ မတူအောင် ထူထောင်လာနိုင်ခဲ့တယ်။ အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးကိုလဲ ဘယ်ခေတ်ဘယ်အခါနဲ့မှမတူအောင် တည်ဆောက်လာနိုင်ခဲ့တယ်။ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာကြတဲ့ လူမျိုးစုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေကို ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ပိုင်ခွင့်ပေးနေမှုတွေဟာ လွတ်လပ်တန်းတူတဲ့ ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် ဦးတည်ဆောင်ရွက်မှုများ ဖြစ်ပါတယ်။ ဒီကနေ့လို ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာတဲ့အတွက် ပြည်နယ်၊ ပြည်မရှိ ပြည်သူတွေဟာ လွတ်လပ်စွာ ကုန်ထုတ်ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာနေကြပြီး လမ်းပန်းဆက်သွယ်ရေးတွေကလဲ နယ်စပ်ဒေသများအထိ လုံခြုံချောမွေ့လာတဲ့အတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တွေလဲ ပိုမိုခိုင်မြဲတိုးတက်လာခဲ့ကြပါတယ်။

ဒါကြောင့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်အကောင်အထည် ဖော်လာခဲ့တာဖြစ်ပါတယ်။ ဒီမူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ဒိဋ္ဌဓမ္မဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာမယ်ဆိုတာကို လုံးဝသံသယဖြစ်ဖွယ်ရာမလိုပါ။ ဒီမိုကရေစီရေးအတွက် စောဒကတက်စရာလဲ မလိုတော့ပါ။ တောင်းဆိုတိုက်ပွဲဝင်စရာလဲ မလိုတော့ပါ။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒလမ်းစဉ် (၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

ဝိဇ္ဇာလင်္ကာရကျောင်း တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၅

ရေဝတီတိုင်း ဟင်္သာတမြို့နယ် ဦးစန္ဒောကွက်သစ် ဝိဇ္ဇာလင်္ကာရကျောင်း၌ လည်းကောင်း၊ ညောင်ကုန်းကျေးရွာ ဘုရားငါးဆူဓမ္မာရုံ၌လည်းကောင်း ဩဂုတ်ရက်မှစ၍ ဝိဇ္ဇာလင်္ကာရကျောင်း အာရာမိဿရ ပဓာနနာယက ဘဒ္ဒန္တ ကောသလ္လသိရီ (ဓမ္မာစရိယ) မှန်နန်းဆရာတော်နှင့် တပည့် ဦးဣန္ဒာစက္က (ဓမ္မာစရိယ) ဝိဇ္ဇာဆရာတော်တို့က ဝါတွင်းဥပုသ်နေ့တိုင်း နံနက်ရနာရီတွင် သီလချီးမြှင့်တရားဟောပြီး မွန်းလွဲ၁နာရီမှ ညနေ၃နာရီအထိ သတိပဋ္ဌာန်တရားစခန်းကို ကျေးဇူးရှင် ဘဒ္ဒန္တ စန္ဒောဘာသဆရာတော်၏ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

အင်းစိန် အလက(၄)မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုကို ဇူလိုင် ၂၉ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ညွှန့်ညွှန့်ကြည်က အဋ္ဌမတန်းမှဘာသာစုံပထမ၊ ဘက်စုံထူးချွန်ပထမဆုရ မမျိုးမွန်သူအား ဆုချီးမြှင့်စဉ်။ (ဝ၄၆)

မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်များ ဆန်းစစ်လေ့လာသူများ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၅

ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ UNICEF တို့ပူးပေါင်းဖွင့်လှစ်သော မိခင်နို့စနစ်တကျ တိုက်ကျွေးသော ဆေးရုံများ၊ မြို့နယ်များအဖြစ် ဆန်းစစ်လေ့လာသူများ သင်တန်း (Training of Local Assessors for BFHI/BFHD)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီခွဲက ပြည်သူ့ဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) သင်ကြားရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန၊ UNICEF နှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသားဆရာဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့ဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဖေဝင်း **(အောက်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကုသ) ဒေါက်တာဦးတင်မင်းက အဖွင့်အမှာ စကားပြောကြားသည်။ **(ခရိုင်ပြန်/ဆက်)**

ကျောက်တန်းမြို့နယ် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးမှာကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကျောက်တန်းမြို့နယ် စိုက်ပျိုးပြီး မိုးစပါးခင်းများတွင် တမန်းနှိုးကိရိယာဖြင့် တမန်းနှိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ရန်ကုန်တိုင်း)



ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်သို့သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးတို့သည် နံနက် ၁၀နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ မော်ဝန်းချောင်းဆိပ်ကမ်းသို့ တာဝန်ရှိသူများလိုက်ပါလျက် စက်လှေများဖြင့် ဆက်လက်ထွက်ခွာလာရာ ပန်းတောကျေးရွာဆိပ်ကမ်းသို့ ရောက်ရှိကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျေးရွာအနီး၌ စိုက်ပျိုးပြီး မိုးစပါးခင်းများ၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသခံတောင်သူလယ်သမားများက တမန်းနှိုးကိရိယာဖြင့် တမန်းနှိုးနေမှု၊ စပါးအရွက်အရောင်ကိုကြည့်၍ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများ စုပေါင်းကြဲပက်နေမှု၊ တစ်မိုးနှစ်သီး ပထမစပါးခင်း အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ဆားငန်စပါးမျိုးများ စမ်းသပ်ကွက် ဖြစ်ထွန်းနေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်း ဒုတိယစိုက်ပျိုးရေးမန်နေဂျာ ဦးမြတ်သာက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်တိုင်းအတွင်း ရေတော်မိုးတော်မိုးစပါး ကွင်းပိတ်စိုက်ပျိုးပြီးဖြစ်၍ ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေး၊ ကြားပေါင်းလိုက်ခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ကြဲပက်ခြင်း၊ ရောဂါပိုးမွှားများ ကာကွယ်ခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ပန်းတော-မင်္ဂလွန်းလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်လျက်ရှိသည့် ရွာသစ်ကလေး တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်တွင် ရန်ကုန်တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူး ဦးမြသက်အောင်က ရွာသစ်ကလေးတံတားနှင့် မင်္ဂလွန်းတံတား တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း အရှည် ၂၉ မိုင် နှစ်ဖာလုံ ပြုပြင်ထိန်းသိမ်းနေမှု၊ သုံးခွ-ကဒ္ဒပနလမ်းအရှည် ငါးမိုင် ကတ္တရာလမ်းခင်းနိုင်ရေး ဆောင်ရွက်နေမှု၊ ကဒ္ဒပနတံတား-ခနောင်-ကမာကလုပ် ပန်းတောလမ်း၂၂မိုင် သုံးဖာလုံ ကတ္တရာလမ်းခင်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညွန့်မောင်စန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကျောက်တန်းမြို့နယ်အတွင်း ပညာရေး၊ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ရေးသည် အခြေခံအကျဆုံးဖြစ်၍ တံတားများ တည်ဆောက်ခြင်းနှင့် လမ်းများကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို စံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရှေးဟောင်းသမိုင်းဝင်မဟာအတုလဥသျှောင်ကိုးထပ်ကြီးဘုရားဘက်စုံတည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ အလှူရှင်များက မဟာအတုလဥသျှောင်ကိုးထပ်ကြီးဘုရား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အဂ္ဂမဟာသီဟသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်၊ Asia Express Co..,Ltd. ဥက္ကဋ္ဌက ပထမအကြိမ် မတည် အလှူငွေကျပ်သိန်း၅၀၀၊ ဘဒ္ဒန္တကုဏ္ဍာဓာရနှင့်တပည့် ဒါယကာ ဒါယိကာမများက အလှူငွေကျပ်၆၁သိန်း၊ဝင်းနားဘရားသားကုမ္ပဏီလီမိတက်က အလှူငွေကျပ် သုံးသိန်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ မွေးမြူရေးလုပ်ငန်းရှင် ဦးဖဲတို့က အလှူငွေကျပ် နှစ်သိန်းစီ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) မြို့တွင်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ အဝေးပြေး၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ဦးနှင်းဦး၊ဒေါ်ခင်လှရီ မိသားစု၊ ဦးသိန်းဇော်ညွှန့်၊ ဦးအီးယား-ဒေါ်ခင်သောင်း မိသားစု၊ မင်္ဂလွန်း ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေ၊ ဒေါ်နွဲ့နွဲ့အေး မိသားစု၊ ဦးတင်စိုးမိသားစု၊ ဒေါ်စောသိန်း မိသားစု၊ ဦးတင်မြင့် ဒေါ်နွဲ့နွဲ့အေး မိသားစု၊ ဦးအောင်အောင်-ဒေါ်စန်းစန်း၊ ဦးမောင်အေး မိသားစုတို့က အလှူငွေကျပ် တစ်သိန်းစီ၊ မင်္ဂလွန်းကျေးရွာမှ စေတနာရှင် ပြည်သူများက အလှူငွေကျပ် ၂၀၅၀၀၀ အပါအဝင် အလှူရှင် ၅၃ ဦးတို့က အလှူငွေကျပ် ၅၃၅၀၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီး ထွန်းကြည်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း လုပ်ငန်းများကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်ချက်နှင့်အညီ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ မဟာအတုလဥသျှောင်ကိုးထပ်ကြီးဘုရား ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ပညာရှင်များပါဝင်သည့် ကော်မတီကို ဖွဲ့စည်းပြီးဖြစ်၍ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ သြဝါဒများ ခံယူကာပြုပြင် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးမူလက်ရာမပျက် စနစ်တကျဖြင့် ရေရှည်တည်တံ့ခိုင်ခံ့စေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ကျောက်တန်းမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများမှ ဖြည့်ဆည်းပေးမှုများကိုရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မဟာအတုလဥသျှောင်ကိုးထပ်ကြီး ရုပ်ပွားတော်မြတ်ကြီးသည်ဘဏ်တော် အမြင့် ၅၄ပေရှိပြီး ယင်းရုပ်ပွားတော်မြတ်ကြီး၏တန်ဆောင်းတော်ကြီးအား အလျားပေ၁၂၀၊ အနံပေ ၁၂၀၊ အမြင့်ပေ ၁၂၀ရှိ အဆောက်အအုံအဖြစ် ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ သံကူကွန်ကရစ် အုတ်မြစ်နှင့် တိုင်များကို အသုံးပြုပြီး အပေါ်ထည်ထုပ်၊ လျောက်၊ ဒိုင်း၊ မြားကို သံမဏိဖြင့် တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတင်းစာသင်တန်းသားသင်တန်းသူများ မြန်မာ့အလင်းသတင်းစာတိုက်လေ့လာ

ရန်ကုန် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ် (၁/၂၀၀၄)မှ သင်တန်းသားသင်တန်းသူများသည် သင်တန်းမှူး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁) အမှတ်၅၃ ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သင်တန်းသားသင်တန်းသူများအား မြန်မာ့အလင်းသတင်းစာတိုက် လက်ထောက်မန်နေဂျာ (ကြော်ငြာ)ဦးအောင်ကြည်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာတိုက်မန်နေဂျာ ဦးဇော်ဝင်းက မြန်မာ့အလင်း သတင်းစာတိုက်အကြောင်းသိကောင်းစရာများ၊ ထုတ်လုပ်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းသား သင်တန်းသူများသည် မြန်မာ့အလင်း သတင်းစာတိုက်ရှိ စာတည်းဌာန၊ ကွန်ပျူတာဌာန၊ ဖိုတိုလစ်သိုဌာနနှင့် ပုံနှိပ်စက်ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်းတွင် ဩဂုတ် ၄ ရက်က ကလေးအားကစားပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများဝယ်ယူနိုင်ရန်အတွက် ဗဟန်းမြို့နယ် ပြည်ထောင်စုလမ်း (၃၂/A)နေ မောင်ဟန်ဝင်းအောင်-မမိုးသီတာ၊ သမီး ဖြူလဲ့လဲ့ချောတို့က အားကစားကွင်းအတွက် လှူဒါန်းငွေကျပ် ၆၀၀၀၀ အပါအဝင် မိဘများ လှူဒါန်းငွေစုစုပေါင်းကျပ် ၄၂၀၀၀၀ ကို အလှူရှင်များကိုယ်စား မိဘတစ်ဦးက ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်တို့က လက်ခံရယူစဉ်။

(က-ပ)

ရန်ကုန်တိုင်းမီးသတ်ဦးစီးမှူး မီးသတ်စခန်းများစစ်ဆေး

ရန်ကုန် ဩဂုတ် ၅

ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်သည် စမ်းချောင်းမီးသတ် ဇုန်နယ်မြေမှူးရဲကျော်သူ ရဲဗလ ရဲသူရကျော်မင်းနှင့်အတူ ဩဂုတ် ၄ရက်က စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်မြို့နယ်ရှိ မီးသတ်စခန်းများသို့ သွားရောက်ပြီး မီးသတ်စခန်း အခြေအနေ၊ မီးသတ်ယာဉ်နှင့် မီးသတ်ပစ္စည်းကိရိယာများ ကောင်းမွန်မှုအခြေနေ၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ **(က-ပ)**

စစ်ကိုင်းတိုင်းနှင့်ရန်ကုန်တိုင်းနေရာကွက်မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၅

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။

ဩဂုတ် ၆ ရက်ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်များ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လအတွက်
(၈-၈-၂၀၀၄ ရက်)နေ့
နှင့်
(၂၉-၈-၂၀၀၄ ရက်)နေ့

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးဖြစ်ထွန်းသည့်အပြင် စွမ်းအင်ကဏ္ဍလည်းဖွံ့ဖြိုးတိုးတက် နိုင်ငံတော်၏စပါးကျီဖြစ်သည်နှင့်အညီ စပါးစိုက်ပျိုးထုတ်လုပ်မှု၏ လေးပုံတစ်ပုံကျော်ဖြည့်ဆည်းပေး

ရန်ကုန် ဩဂုတ် ၅

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ် ၃ ရက် နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီး အရှေ့တန်းကျေးရွာ၌ ကျင်းပသည့် ဧရာဝတီတိုင်း၏ ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့်စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် စပါးစိုက်ပျိုးရေးတွင် တစ်နိုင်ငံလုံး တစ်နှစ်မိုးစပါး ဧက ၁၃ဒသမ ၆၇သန်း၊ နွေစပါးဧက ၃ဒသမ၃၈သန်းစိုက်ပျိုးပြီး စပါးတင်း သန်း၁၂၀၀ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လည်း ၂၀၀၃–၂၀၀၄ခုနှစ်တွင် မိုးစပါးဧက ၁၃ဒသမ၄၃သန်း၊ နွေစပါးဧက ၃ဒသမ ၁၀သန်းသာ စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်းပေါင်း ၁၁၅၆သန်းသာ ရရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် နိုင်ငံတော်၏ ရည်မှန်းချက်ပြည့်မီရေးအတွက် စပါးစိုက်ပျိုးရေးကို ဧရာဝတီတိုင်းက ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခင်နှစ်ကထက် မိုးစပါး တစ်သိန်းတိုးပြီး မိုးစပါးဧက ၃၅သိန်းနှင့် နွေစပါးကိုလည်း မနှစ်ကထက် သုံးသိန်းတိုးပြီး နွေစပါးဧက ၁၆သိန်းစိုက်ပျိုးနိုင်အောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆိုလျှင် ဧရာဝတီတိုင်းအနေဖြင့် ရေတော်မိုးတော်မိုးစပါး ဧက ၃၁ဒသမ ၈၉သိန်း စိုက်ပျိုးပြီး ထွန်တုံးပိတ်နိုင်ခဲ့၍ ရည်မှန်းထားသည့် မိုးစပါးဧက ၉၁ဒသမ ၁၁ရာခိုင်နှုန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရကြောင်း၊ သို့သော်လည်း ရာသီကုန်တွင် သတ်မှတ် လျာထားချက် ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် စိုက်ပြီး စပါးများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းလိုကြောင်း။

ဖြည့်ဆည်းပေး

ဧရာဝတီတိုင်းသည် ပြည်နယ်၊ တိုင်းများအနက် နိုင်ငံတော်အတွက် အားအထားရဆုံး တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍများတွင် ဖြစ်ထွန်းအောင်မြင်သည့် တိုင်းဖြစ်သည့်အပြင် စွမ်းအင်ကဏ္ဍတွင်လည်း များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဧရာဝတီတိုင်းသည် နိုင်ငံတော်၏စပါးကျီဖြစ်သည်နှင့်အညီ နိုင်ငံတော်တစ်ရပ်လုံး စပါးစိုက်ပျိုးထုတ်လုပ်မှု၏ လေးပုံတစ်ပုံကျော်ကို ဖြည့်ဆည်းပေးသည့်တိုင်းလည်း ဖြစ်ကြောင်း။

စနစ်တကျ လိုက်နာကျင့်သုံး

စိုက်ပျိုးနည်းစနစ်ပိုင်းအနေဖြင့် ကုန်ကျစရိတ်သက်သာပြီးလုပ်အားသက်သာစေသည့် တိုက်ရိုက်အစေ့ချ စိုက်ပျိုးနည်းပညာများကိုလည်း လက်တွေ့ပြသဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆိုလျှင် ဤစနစ်ကို ကျင့်သုံးပြီး ကောက်စိုက်လုံမေများ စွမ်းရည်ပြယှဉ်ပြိုင်ကြမှာဖြစ်ကြောင်း၊ ထို့အပြင် တောင်သူများ အနေဖြင့် မြေဩဇာများကို အလေအလွင့်မရှိ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် မြေတွင်းအာဟာရဓာတ်ကို အခြေခံကာ သီးနှံအလိုက် မျှော်မှန်းအထွက်နှုန်းရရှိအောင် သုံးစွဲနည်းစနစ်များကို ပြသဆောင်ရွက်ခြင်းနှင့် စပါးသီးနှံ၏ နိုက်ထရိုဂျင်မြေဩဇာလိုအပ်ချက် ရှိမရှိ သိရှိနိုင်ရန် ရောင်စဉ်တိုင်းကတ်(LCC)နှင့် တိုင်းတာထည့်သွင်းသည့် နည်းစနစ်များကိုလည်း လက်တွေ့ပညာပေးဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနဝန်ထမ်းများက ပညာပေးပြသဆောင်ရွက်သည့် ပြောင်းလဲနေသော စိုက်ပျိုးနည်းပညာများကို တောင်သူများအနေဖြင့် လေ့လာမှတ်သားပြီး စနစ်တကျ လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားပြီး ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးလှမျိုးက မိုးစပါးအတန်းလိုက် မျိုးစေ့ချစိုက်ပျိုးစွမ်းရည် ယှဉ်ပြိုင်ပွဲနှင့်ပတ်သက်၍ စည်းကမ်းချက်များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်း မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးအောင်တင်မြင့်က ၂၀၀၄–၂၀၀၅ခုနှစ်မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမြေစာရင်းဦးစီးမှူး ဦးအောင်တင်မြင့်က ၂၀၀၄–၂၀၀၅ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်အစီရင်ခံစာကို တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်ထံ ပေးအပ်သည်။

ယင်းနောက် စပါးအတန်းလိုက် မျိုးစေ့ချစိုက်ပျိုးစွမ်းရည် ယှဉ်ပြိုင်ပွဲတွင် ပါဝင်ကြသည့် ခရိုင်အလိုက် ကိုယ်စားပြုပြိုင်ပွဲဝင် အသင်းများက သတ်မှတ်ပြိုင်ကွင်းအတွင်း နေရာယူကြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီ ဒိုင်ချုပ်က အချက်ပေးကြေညာသည်နှင့် စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲကို စတင်ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည်စပါးအတန်းလိုက် မျိုးစေ့ချစိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲကို လှည့်လည်ကြည့်ရှုအားပေးကြပြီး**(အပေါ်ဝဲပုံ)**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနပြခန်း၊ လယ်ယာသုံးစက်ကိရိယာများ၊ ဓာတ်မြေဩဇာ အရောင်းပြခန်းတို့ကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ဆုချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စပါးအတန်းလိုက် မျိုးစေ့ချ စိုက်စွမ်းရည်ယှဉ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများအား ဂုဏ်ပြုဆုနှင့် နှစ်သိမ့်ဆုရရှိကြသော မအူပင်နှင့် ဟင်္သာတခရိုင်အသင်းများအား တာဝန်ရှိသူအသီးသီးကလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာညီညီက တတိယဆုရ မြောင်းမြခရိုင်အသင်းအား လည်းကောင်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဒုတိယဆုရ ဖျာပုံခရိုင်အသင်းအားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပထမဆုရ ပုသိမ်ခရိုင် အသင်းအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

Mr.Li (Indonesia)က အလှူငွေ ကျပ်ဆယ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန် ဆေးပဒေသာပင် အတွက် လာရောက်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)နှင့် ဘဏ္ဍာရေးမှူးဒေါ်ဥမ္မာစိုး၊ ပြန်ကြားရေးခေါင်းဆောင် ဒေါ်သန်းမြင့်အောင်တို့က လက်ခံရယူစဉ်။ (က–ပ)

မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုနယ်မြေ ရွှေပြည်သာမြို့နယ် ဝါးတရာ၌ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက်ကကျင်းပရာ လုံခြုံရေးနှင့် ညှိနှိုင်းကွပ်ကဲမှုကော်မတီ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်ဝှက်က အထက(၂) ဒသမတန်းကျောင်းသူ မစန်းစန်းဌေးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ဂရိရာဇဝင်ဇာတ်ကား နေပြည်တော်ရုံဝင်လာ မြန်မာဇာတ်ကားများ ဆက်လက်အောင်ပွဲခံနေ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဩဂုတ် ၅

ဂရိနိုင်ငံ စပါတာဘုရင် လက်ထက် ထရိုဂျန်ဘုရင်နှင့် ငြိမ်းချမ်းစွာနေထိုင်ရန် သဘောတူညီမှု ရပြီးမှ ထရိုဂျန်ဘုရင်၏ သားတော်နှစ်ဦးက စပါတာဘုရင်၏ မိဖုရားကို ခိုးပြေးသွားရာမှ စစ်ပွဲကြီး အကြီးအကျယ် ဆင်နွှဲကြပုံ ရိုက်ကူးထားသော ဂရိရာဇဝင်ဇာတ်ကား TROY နေပြည်တော်ရုံတွင် ယနေ့ ရုံဝင်လာသည်။

သုံးရုံအပြိုင်ပြသ

ဇာတ်လမ်းနှင့် ဒါရိုက်တာ မောင်မျိုးမင်း၏ **'ယောက်ဖ တော်ခါနီး ရင် စဉ်းစားဖို့လိုတယ်'** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံသုံးရုံတွင် ပြသလျက်ရှိသည်။ ယင်းဇာတ်ကားတွင် ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။

အမေ့နို့ဖိုး

ဒါရိုက်တာ ကျော်သူပေးဆပ်သည့် **'အမေ့နို့ဖိုး'** ဇာတ်ကား ရှေ့ဆောင်နှင့် နဝဒေးရုံတွင် ဆက်လက်အောင်ပွဲခံနေသည်။ အမေ့နို့ဖိုးတွင် ကျော်သူ၊ မင်းမော်ကွန်း၊ မင်းခ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ လှမျိုးသဉ္ဇာနွယ်၊ ဆုပန်ထွာ၊ ချိုပြုံးနှင့် နှင်းဆီတို့ ခေါင်းဆောင်ပါဝင်ထားသည်။

ဘုရင်ရုံတွင် Main Prem Ki Diwani Hoon ဇာတ်ကား ဆက်လက်ပြသနေသည်။ သူဌေးသားနှင့် အလုပ်သမား မှားချစ်မိရာက နောက်ဆုံး အလုပ်သမားကိုသာ ရွေးချယ်လိုက်သော ကျွန်မဟာ အချစ်ရဲ့ကျေးကျွန်ပါ ဆိုသည့် အိန္ဒိယအိမ်ထောင်ရေး ပညာပေး ဇာတ်ကားဖြစ်သည်။

အိန္ဒိယတွင် ဝင်ငွေအကောင်းဆုံးနှင့် အကယ်ဒမီဆုအများဆုံး ရရှိထားသော Kaho Naa Pyaar Hai ဇာတ်ကား မြို့မရုံတွင်ပြသနေသည်။ ရွှေဂုန်ရုံတွင် ဒါရိုက်တာဝေါ်လ်တာ ဟေးလ်၏ Last Man Standing အမေရိကန်အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။ **(မြန်မာ့အလင်း)**

°°TROY ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

နာမည်တစ်လုံးနှင့်နေကြသူများမှ လူမင်းနှင့်အိန္ဒြာကျော်ဇင်။

နာမည်တစ်လုံးနှင့် နေကြသူများ

နှစ် (၄၀)မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်းအဖြစ် ဒါရိုက်တာကျော်ဇောလင်း ရိုက်ကူးတင်ဆက်သည့် 'နာမည်တစ်လုံးနှင့် နေကြသူများ' ဒီဗွီဒီဇာတ်ကား စံပြ၊ ရွှေမန်း၊ သီတာရုံများတွင် ယနေ့ရုံဝင်လာသည်။ နာမည်တစ်လုံးနှင့် နေကြသူများတွင် လူမင်း၊ နန္ဒ၊ ခန့်စည်သူ၊ နေလင်းဦး၊ နေတိုး၊ အိန္ဒြာကျော်ဇင်၊ မိုးပြည့်ပြည့်မောင်၊ ဇင်ဇင်ဇော်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားကြသည်။ (မြန်မာ့အလင်း)

အိမ်ရှင်တရုတ်အာရှဖလားချန်ပီယံချိန်ရွယ်နိုင် နာမည်ကြီးအီရန်နှင့်လူသစ်တန်းဘာရိန်းတို့ တတိယနေရာလုပွဲယနေ့ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၅

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံတွင် ဇူလိုင် ၁၇ရက်မှ စတင်ကျင်းပခဲ့ရာ ယခုအခါ အကြိုဗိုလ်လုပွဲများ ကစားခဲ့ပြီးဖြစ်သဖြင့် အနိုင်ရရှိခဲ့သော အသင်းများဖြစ်သည့် အိမ်ရှင်တရုတ်နှင့် အာရှဖလား လက်ရှိချန်ပီယံ ဂျပန်တို့ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၇ရက်နေ့တွင် ကစားကြရမည်ဖြစ်ပြီး၊ တတိယနေရာအတွက် အီရန်နှင့် ဘာရိန်းအသင်းတို့ ဩဂုတ် ၆ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရတော့မည်ဖြစ်သည်။

တတိယနေရာ

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့ အလုပ်သမားအားကစားကွင်း၌ ဩဂုတ် ၆ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရမည့် အီရန်နှင့် ဘာရိန်းတို့၏ အသင်းများအနေအထားကိုကြည့်လျှင် အီရန်အသင်းသည် အာရှဖလားဘောလုံးပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အစဉ်အလာကြီးခဲ့သောအသင်းဖြစ်ပြီး အာရှဖလားချန်ပီယံကို ၁၉၆၈ခုနှစ်၊ ၁၉၇၂ခုနှစ်နှင့် ၁၉၇၆ခုနှစ်တို့၌ သုံးကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သည့် အသင်းလည်းဖြစ်သည်။

ရေပန်းစား

ထို့ပြင် ၁၉၈၀ပြည့်နှစ်က အာရှဖလား တတိယ၊ ၁၉၈၄ခုနှစ်က စတုတ္ထ၊ ၁၉၈၈ခုနှစ်က တတိယနှင့် ၁၉၉၆ခုနှစ်က တတိယရရှိခဲ့သော အစဉ်အလာကောင်းများကိုလည်း ပိုင်ဆိုင်ထားရာ လက်ရှိအာရှဖလား ၂၀၀၄ဘောလုံးပြိုင်ပွဲဝင်အသင်းများတွင် ချန်ပီယံအဖြစ် ရေပန်းအစားဆုံးအသင်းလည်းဖြစ်ခဲ့ပြီး တောင့်တင်းခိုင်မာမှု အရှိဆုံးအသင်းလည်းဖြစ်သည်။ အကြိုဗိုလ်လုပွဲတွင် အိမ်ရှင်တရုတ်အသင်းကို ပွဲချိန်တစ်ဝက်ကျော်ကျော်မှစကာ ၁၀ဦးတည်းနှင့် ကစားခဲ့ရာပွဲပြီးချိန်နှင့် အချိန်ပိုများတွင်ပါ သရေကျအောင် ကစားနိုင်ခဲ့ပြီးမှ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် တရုတ်တို့အား ရှုံးခဲ့ရခြင်းဖြစ်သည်။

တိုက်စစ်စွမ်းရည်

အီရန်အသင်းသည် အုပ်စုပွဲသုံးပွဲ၊ ကွာတားနှင့် ဆီမီးဖိုင်နယ်ပွဲများကစားခဲ့ရာတွင် (ပယ်နယ်တီမပါ) ဆယ်ဂိုးသွင်းထားခဲ့ပြီး (ပယ်နယ်တီမပါ) ခြောက်ဂိုးအသွင်းခံထားရသော ရလဒ်များ ရှိနေသဖြင့် အီရန်အသင်း၏ တိုက်စစ်မှူးများ စွမ်းရည်ထက်မြက်ခြင်းတော့မရှိပေ။ အီရန်နောက်တန်းကောင်းမွန်သော်လည်း တစ်ဖက်တိုက်စစ်မှူးများ ထိုးဖောက်ကစားချိန်တွင် အမှားအယွင်းများ ပြုလုပ်တတ်ရာ ဘာရိန်းကို သတိကြီးစွာထားပြီး ကစားရမည်ဖြစ်သည်။ သို့သော် လူသစ်တန်းဘာရိန်းတို့ အီရန်ကို အနိုင်ရရှိရန် လွယ်ကူမည် မဟုတ်ပေ။

နာမည်ကြီး အီရန်နှင့် တတိယနေရာလုပွဲကစားရမည့် ဘာရိန်းအသင်းမှာ ၂၀၀၀ပြည့်နှစ် နောက်ပိုင်းမှ ခြေစွမ်းထက်လာသော အသင်းဖြစ်ပြီး အာရှအဆင့်တွင်တန်းဝင်သောအသင်း မဟုတ်ချေ။ အာရှဖလားပွဲ သမိုင်းတွင်လည်း တစ်ကြိမ်မျှခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းမရှိဘဲ ယခုနှစ် အာရှဖလား ဘောလုံးပြိုင်ပွဲ၌သာ ခြေစစ်ပွဲ ပထမဆုံးအကြိမ်အဖြစ် အောင်မြင်ပြီး ဆီမီးဖိုင်နယ်အဆင့် ထိရောက်ရှိအောင် ခြေစွမ်းပြနိုင်ခဲ့သည့် အသင်းဖြစ်သည်။

ဘာရိန်းအသင်းသည် ယခုနှစ် အာရှဖလားပွဲ၌ အုပ်စုပွဲများကစားခဲ့ရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ၅ မှတ်ဖြင့် အုပ်စုဒုတိယရကာ ကွာတားသို့တက်လာပြီး ကွာတားဖိုင်နယ်၌ ဥဇဘက်ကစ္စတန်နှင့် ပွဲချိန်ပြည့်သည် အထိနှစ်ဂိုးစီသရေကျနေရာမှ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာကာ အကြိုဗိုလ်လုပွဲ၌ ဂျပန်ကို ခြေစွမ်းပြကစားပြီး ခြေအသာဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သော်လည်းသုံးဂိုး-လေးဂိုးဖြင့်ဘာရိန်းတို့ ရှုံးနိမ့်ခဲ့ရသည်။

ဘာရိန်းအသင်းသည် ခံစစ်ကြောင်းတောင့်တင်းခိုင်မာသလိုဂိုးသမား အလီဆေ့ဒ်အဗ္ဗဒူလာကလည်း သေချာပေါက်ဂိုးများကို လက်စွမ်းပြကာကွယ်နိုင်သည်။ ထို့ပြင် ဘာရိန်းတိုက်စစ်မှူးများဖြစ်သည့် အက်လာဟူဘေး၊ မိုဟာမက်ဂျာမာနှင့် မိုဟာမက်ဂျာဖာတို့က ကွင်းလယ်ကစားကွက်အသာစီးရအောင် ကစားနိုင်ခဲ့ကြသည်။ ဘာရိန်းအသင်း၏ အားသာချက်မှာ တိုက်စစ်မှူးများရရှိသည့် အခွင့်အရေးကိုမလွတ်တမ်းအသုံးချနိုင်စွမ်းရှိကြမှု ဖြစ်သည်။

ဘာရိန်းအသင်း စုစည်းညီညွတ်မှုရှိကာ ပြိုင်ဘက်အသင်း၏ တိုက်စစ်ကို ဟန့်တားရာတွင် ထူးချွန်ကြသူများ ဖြစ်သည်။အသင်းလိုက်စုစည်းညီညွတ်မှုကောင်းသောအသင်းဖြစ်ပြီး တိုက်စစ်ကိုရဲရဲတင်းတင်းဖွင့်ကစားတတ်သည်။ ပြိုင်ဘက်အသင်း၏ ကစားကွက်ကို ကြည့်ကာ ကစားအားကိုမြှင့်တင်ပြီး ပုံစံပြောင်းကစားနိုင်သောအသင်းလည်း ဖြစ်သည်။

ကျေနပ်နိုင်

ဘာရိန်းတို့အနေဖြင့် အာရှဖလားသမိုင်းတွင် ယခုနှစ်၌ အကြိုဗိုလ်လုပွဲအထိ ရောက်နိုင်ခဲ့သော အနေအထားကိုပင် အမြင့်ဆုံးရလဒ်ဖြင့် ကျေနပ်နိုင်စရာဖြစ်ပြီး လက်ရှိအခြေအနေ၌ အီရန်ကို အနိုင်ရရှိရန် မလွယ်ပေ။

ဗိုလ်လုပွဲ

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၇ ရက်တွင် တရုတ်နိုင်ငံမြို့တော် ပေကျင်းရှိ အလုပ်သမားအားကစားကွင်းကြီး၌ အိမ်ရှင်တရုတ်အသင်းနှင့် အာရှဖလားလက်ရှိချန်ပီယံ ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

အာရှဖလားအကြိုဗိုလ်လုပွဲအဖြစ် တရုတ်နှင့်အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အီရန်မှ မက်ဒီမက်ဒါဗီကီးရာ ထိုးဖောက်ကစားမှုကို တရုတ်မှ ဆမ်ဇင်း(ဝဲ)က ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပထမဆုံးတက်ရောက်

အိမ်ရှင်တရုတ်အသင်းသည် အာရှဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် အာရှဖလားဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး တစ်ကြိမ်တစ်ခါမျှ ဗိုလ်စွဲခဲ့ခြင်းမရှိခဲ့ပေ။

တရုတ်အသင်းသည် ယခုနှစ် အာရှဖလား ကွာတားဖိုင်နယ်၌ အီရတ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဆီမီးဖိုင်နယ်တွင် နာမည်ကြီးအီရန်အသင်းကို ပွဲချိန်ပြီးသည်အထိ တစ်ဂိုးစီသရေကျကာ အချိန်ပိုမိနစ် ၃၀ တွင်ပါ ထပ်မံဂိုးမသွင်းနိုင်ကြသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ကန်ရာမှ တရုတ်က လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်လာခြင်းဖြစ်သည်။

ယခုနှစ် အာရှဖလား ချန်ပီယံဖြစ်ရေး အခွင့်ကြုံနေသည်။ တရုတ်အသင်းတွင် ရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ဟိုဟိုင်ဒေါင်နှင့် လီကျင်ယုတို့ကရရှိသည့်အခွင့်အရေးကို မလွတ်တမ်း အသုံးချနိုင်ကြသူများ ဖြစ်သလို အလယ်တန်းမှ ရှောက်ကျားရီ၊ ဇိုင်ဘင်နှင့် ကျင်ဇီတို့ကလည်း တိုက်စစ်မှူးများနှင့်အတူ လိုက်ပါတိုက်စစ်ဆင် ထိုးဖောက်ကစားနိုင်ကြသည်။ တရုတ်နောက်တန်းမှ ဆမ်ဆင်း၊ ဇိုင်ယိုကွန်၊ လီဝေဖန်နှင့် လီမင်တို့ ကလည်းဘောလုံးအဖြတ်အတောက်ကောင်းမွန်ကြပြီး တစ်ဖက်အသင်း ထိုးစစ်ကို ဟန့်တားနိုင်ကြသူများ ဖြစ်ကာ အခွင့်အရေးကြုံလျှင် ဂိုးသွင်းနိုင်ကြသူများလည်းဖြစ်သည်။

တရုတ်ဂိုးသမား

တရုတ်ဂိုးသမား လူယန်ဖိုင်မှာလည်း သေချာပေါက်ဂိုးများကို ကာကွယ်နိုင်ပြီး ယခုအာရှဖလားအုပ်စုပွဲသုံးပွဲ၊ ကွာတားဖိုင်နယ်နှင့် အကြိုဗိုလ်လုပွဲများ စုစုပေါင်း ငါးပွဲကစားခဲ့ရာတွင် (ပယ်နယ်တီမပါ) သုံးဂိုးသာအသွင်းခံထားရသဖြင့် လူယန်ဖိုင်၏ လက်စွမ်းပြမှုကိုလည်း အထင်သေး၍မရပေ။ တရုတ်အသင်း၏ အားနည်းချက်မှာ တစ်ဖက်အသင်း တိုက်စစ်မှူးများကို Markingမလုပ်နိုင်မှုပင်ဖြစ်သည်။ တစ်ဦးချင်း Markingလုပ်နိုင်မှုအားနည်းပြီး ထိုးဖောက် တိုက်စစ်ဆင်လာမှုများကို ဟန့်တားရာတွင် တစ်ခါတစ်ရံ အမှားအယွင်းများပြုလုပ်တတ်သည်ဖြစ်ရာ သတိထားရမည်ဖြစ်သော်လည်း လက်ရှိအနေအထားတွင် တရုတ်တို့က အားသာလျက်ရှိနေသည်။

ဂျပန်ခြေစွမ်း

တရုတ်နှင့်ဗိုလ်လုပွဲတွင် ကစားရမည့် ဂျပန်အသင်းမှာ အာရှဖလား သမိုင်းတွင် ၁၉၉၂ ခုနှစ် ချန်ပီယံ၊ ၁၉၉၆ ခုနှစ် ကွာတား၊ ၂၀၀၀ ပြည့်နှစ်က ချန်ပီယံဖြစ်ခဲ့သည့် အစဉ်အလာရှိခဲ့ရာ လက်ရှိအာရှဖလားချန်ပီယံဆိုသော်လည်း ဂျပန်တို့ခြေစွမ်းမှာ ချန်ပီယံကို ကာကွယ်နိုင်လောက်အောင် ကောင်းမွန်ခြင်းမရှိပေ။

ဂျပန်အသင်းသည် ယခုနှစ် အာရှဖလားပြိုင်ပွဲတွင် အုပ်စုမှ အကြိုဗိုလ်လုပွဲအထိ ငါးပွဲကစားခဲ့ရာတွင် လေးပွဲနိုင်၊ တစ်ပွဲသရေကျပြီး သွင်းဂိုး ၁၀ ဂိုး၊ ပေးဂိုးငါးဂိုး (ပယ်နယ်တီမပါ)ဖြင့် ဗိုလ်လုပွဲသို့တက်ရောက်လာခဲ့သောအသင်းဖြစ်သည်။ ဂျပန်အသင်းမှာ ဗိုလ်လုပွဲအထိတက်ရောက်လာခဲ့သော်လည်း ကွာတားဖိုင်နယ်၌ ဂျော်ဒန်နှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ဂျပန်တို့ ကံကြမ္မာမျက်နှာသာပေးမှုကြောင့် ပယ်နယ်တီဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်လာခဲ့ခြင်းဖြစ်ပြီး အကြိုဗိုလ်လုပွဲတွင် ဘာရိန်းနှင့်ကစားခဲ့ရာတွင်လည်း ဘာရိန်းတို့၏ ဖိကစားခြင်းကိုခံရပြီး ဂျပန်တို့ ခက်ခက်ခဲခဲကစားရကာ ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။

ထိုးဖောက်ကစားနိုင်

ဂျပန်အသင်းတွင် ရှေ့တန်းတိုက်စစ်မှူး တာမာဒါနှင့် ဆူဇူကီးတို့မှာ တစ်ဖက်နောက်တန်းကို မွှေနှောက် ထိုးဖောက်ကစားနိုင်ကြသော်လည်း အဆုံးသတ်ဂိုးသွင်းမှုအပိုင်းတွင် အားနည်းလျက်ရှိသည်။ အုပ်စုဖွဲ့ထိုးဖောက် ကစားခြင်းထက် တစ်ဦးချင်းစွမ်းရည်ပြ ကစားကြခြင်းဖြစ်ရာ တရုတ်နောက်တန်းကို ကျော်ပြီး ဂိုးရရှိရန် ခက်ခက်ခဲခဲကြိုးစားရမည်ဖြစ်သည်။

ဂျပန်အလယ်တန်းမှ ယာဆူဟီတိုအင်ဒို၊ နာကာမူရာနှင့် တာကာရှီဖူကူနီရှိတို့ ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ပြီး ဘောလုံးဖြန့်ပေးမှုတွင်လည်း ကောင်းမွန်ကြသည်။ ဂျပန်နောက်တန်းမှ တာနာကာ၊ မီယာမိုတို၊ ဆန်တို့စ်၊ အကိုင်ရာကာဂျီနှင့် နာတာဇာဝါတို့ တစ်ဖက်အသင်းတိုက်စစ်ကို ဟန့်တားရာတွင် တစ်ခါတစ်ရံ နားလည်မှုလွဲမှားနေတတ်သည်ဖြစ်ရာ တရုတ်တိုက်စစ်မှူးများ အကြိုက်တွေ့သွားနိုင်သည့် အနေအထားရှိသည်။ ဂျပန်ဂိုးသမား ကာဝါဂူချီမှာလည်း အဝင်အထွက်မှန်ပြီး သေချာပေါက်ဂိုးများကိုကာကွယ်နိုင်ရာ တရုတ်ဂိုးသမား လူယန်ဖိုင်နှင့်မကွာလှပေ။

မှတ်တမ်း

တရုတ်နှင့်ဂျပန်တို့ ဘောလုံးသမိုင်းတစ်လျှောက် ကိုးပွဲတွေ့ဆုံခဲ့ရာတွင် ဂျပန်တို့က ငါးပွဲနိုင်ပြီး တရုတ်တို့က သုံးပွဲအနိုင်ရရှိကာ တစ်ပွဲသရေကျထားသော သမိုင်းမှတ်တမ်းရှိနေသော်လည်း လက်ရှိအချိန်တွင် တရုတ်တို့က အိမ်ရှင်ဖြစ်ပြီး ခြေစွမ်းလည်း ထက်လျက်ရှိရာ ဂျပန်တို့အကြိတ်အနယ် ကစားရမည်ဖြစ်သည်။ တစ်သင်းနှင့် တစ်သင်းခြေစွမ်း မကွာလှသည်ဖြစ်ရာ အမှားလုပ်သည့် အသင်း အရှုံးနှင့်ရင်ဆိုင်ရမည် ဖြစ်သဖြင့် အိမ်ရှင်တရုတ်အသင်း အာရှဖလားချန်ပီယံကို ပထမဆုံးအကြိမ် ဆွတ်ခူးသွားမည်လား၊ ဂျပန်တို့က အာရှဖလားချန်ပီယံကို ကာကွယ်သွားနိုင်မည်လားဆိုသည်ကို ရင်ခုန်စွာ စောင့်ကြည့်ရပေတော့မည်။ ။

(မြန်မာ့အလင်း)

အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်းလူသစ်တန်းဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဩဂုတ် ၅

၂၀၀၄ ခုနှစ် ပဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရောဝတီတိုင်းအတွင်းရှိ သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပုသိမ်ဇုန် တတိယကွာတားဖိုင်နယ်ပြိုင်ပွဲတွင် အိမ်ရှင်ဧရာဝတီတိုင်းနှင့်ကချင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက ရှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့တက်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ စနေလင်းစိုးက ရရှိသွားသည်။

ဟင်္သာတဇုန် စတုတ္ထကွာတားဖိုင်နယ်ပြိုင်ပွဲတွင် မကွေးတိုင်းနှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းကနှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားပြီး အကြိုဗိုလ်လုပွဲသို့တက်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်လိုက် အကောင်းဆုံးဘောလုံးသမားဆုကို မကွေးတိုင်းမှ ပြည့်ဖြိုးဦး ကရရှိသွားကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအားကစားနှင့်ကျန်းမာရေးဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၅

မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင်ရေးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌဦးရဲထွဋ်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးသန်းဇော် (ညွှန်ကြားရေးမှူး၊ ယှဉ်/လေ့) အားကစားနှင့် ကာယပညာဦးစီးဌာနက ရန်ပုံငွေ အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့ဝင်များက မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်းဖွဲ့စည်းပုံ စည်းမျဉ်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရေး၊ ရန်ပုံငွေရှာဖွေရေး၊ လူထုအားကစား လှုပ်ရှားမှုနှင့် ပတ်သက်၍ ဆုများ ချီးမြှင့်ရေး၊ ဖောင်ဒေးရှင်း အထိမ်းအမှတ် Logo ပြိုင်ပွဲ ကျင်းပပြီး ရွေးချယ်ရေး၊ ဖောင်ဒေးရှင်း အလံနှင့် သီချင်း သတ်မှတ်ရွေးချယ်ရေးများ ညှိနှိုင်းဆွေးနွေးကြသည်။

ရည်ရွယ်ချက်

မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်းကို နိုင်ငံသားအားလုံး အသက်ကြီးငယ်၊ ကျား၊မ မရွေး အားကစားတစ်မျိုးမျိုးကို လေ့ကျင့်ပြုလုပ်နေခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ဖြစ်လာစေရေး၊ အားကစားအဖွဲ့ချုပ်များကို ထောက်ပံ့ကူညီခြင်းဖြင့် ပြည်သူအများ အားကစားလေ့ကျင့်မှု ပိုမိုလုပ်ဆောင်နိုင်စေရေး၊ အားကစား လေ့ကျင့်နေသူများထံမှ ထူးချွန်ထက်မြက်သော အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ကူညီခြင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

● ***ကျောဖုံးမှ***

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း) အရှေ့ဘက် ပွဲကြည့်စင်အောက်ရှိ အလေးမလေ့ကျင့်ရေးရုံသို့ မြန်မာ့အလင်းက သွားရောက်ပြီး မြန်မာနည်းပြဆရာနှင့် အဖွဲ့ချုပ်အတွင်းရေးမှူးများဖြစ်သည့် ဦးလှဝင်း၊ ဦးမြင့်ဆွေ (လက်ထောက် ညွှန်ကြားရေးမှူး-အား/ကာ)တို့နှင့် ပါဝင်ယှဉ်ပြိုင်မည့် ၄၈ကီလိုတန်းမှ နန်းအေးခိုင်အား တွေ့ဆုံပြီး အေသင်အိုလံပစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုနှင့် ပါဝင်ယှဉ်ပြိုင်မှု အခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့သည်။

စခန်းသွင်း

အလေးမအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်ဆွေက"(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်များနှင့် မျိုးဆက်သစ်အားကစားသမားများ အပါအဝင် အမျိုးသမီးအလေးမ အားကစားသမား ပဏာမ ၁၀ဦးကို စခန်းသွင်းလေ့ကျင့်ပေးခဲ့ကြောင်း၊ လေ့ကျင့်ရာတွင် မြန်မာနည်းပြများဖြစ်သည့် နည်းပြချုပ် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်ဟောင်း ဦးစန်းမြင့်(လက်ထောက်ညွှန်ကြားရေးမှူး၊အား/ကာ)၊နည်းပြဆရာများဖြစ်သည့် ဦးလှဝင်း၊ ဦးမြင့်ဆွေ (အား/ကာ)၊ ဦးလှထွန်း၊ဦးသန်းထွန်း၊ ဦးသီဟန်နှင့် ဒေါ်ခင်စန်းမြင့်တို့က တနင်္ဂနွေ တစ်ရက်နားပြီး ပြိုင်ပွဲအဝေး အနီးအလိုက် အလေးထရိန်နင်၊ ပါဝါထရိန်နင်များဖြင့် ပုံမှန်လေ့ကျင့်ပေးခဲ့ကြောင်း၊ ယင်း၁၀ဦးမှ ငါးဦးကို ဧပြီ၇ရက်မှ ၁၂ရက်အထိ ကာဇက်စတန်နိုင်ငံ Almaty မြို့တွင် ကျင်းပသည့် (၁၇)ကြိမ်မြောက် အာရှ အမျိုးသမီးတံခွန်စိုက်အလေးမပြိုင်ပွဲကို မိမိခေါင်းဆောင်ပြီး သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ၄၈ကီလို တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နန်းအေးခိုင် (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)က အမြန်မ ၈၅ ကီလိုဖြင့် ငွေ၊ နှစ်ဆင့်မ ၁၀၅ကီလိုဖြင့် ကြေးတံဆိပ်နှင့် စုစုပေါင်း ကီလို၁၉၀ ဖြင့် ငွေတံဆိပ်ရရှိပြီး ငွေနှစ်ခု၊ ကြေးတစ်ခုကိုလည်းကောင်း၊ ယင်းပွဲတွင် ယှဉ်ပြိုင်သွားသည့် တရုတ်နိုင်ငံမှ လီဇူဟွာသည် အမြန်မ ကီလို၉၀နှင့် နှစ်ဆင့်မ ၁၁၅ကီလိုစုစုပေါင်း ၂၀၅ ကီလိုမသွားပြီး ရွှေတံဆိပ်များကို ရယူသွားနိုင်ကြောင်း၊ ၅၃ကီလိုတန်းတွင် ဆွေဆွေဝင်း (ရထား)သည် စုစုပေါင်းတွင် တတိယဆုကို ရယူခဲ့ရာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က (၂၈) ကြိမ်မြောက် ဂရိနိုင်ငံအေသင်မြို့တွင်ကျင်းပမည့် ကမ္ဘာ့အိုလံပစ်အားကစား ပြိုင်ပွဲသို့ တစ်ဦးပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြောင်း၊ ဇွန်လတွင် ကမ္ဘာ့အိုလံပစ်ပွဲအတွက် လူရွေးပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကို အောင်ဆန်းကွင်းတွင် ကျင်းပခဲ့ရာ ၄၈ကီလိုတန်းမှ နန်းအေးခိုင် (ရထား) သည် နှစ်ဆင့်မ မြန်မာပြည် စံချိန်သစ်ကိုတင်ပြီး ရွေးချယ်ခြင်းခံရကြောင်း" ပြောကြားသွားသည်။

ပံ့ပိုးလေ့ကျင့်

တွဲဖက်အတွင်းရေးမှူး ဦးလှဝင်းက ပြောကြားရာတွင် "အမျိုးသမီးအရန်အင်အား ပဏာမလက်ရွေးစင်နှင့် လက်ရွေးစင်ကို အထောက်အကူပြုမည့် အားကစားသမားများ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့က ပံ့ပိုးလေ့ကျင့်ပေးလျက်ရှိကြောင်း၊ အဆိုပါ ဝန်ကြီးဌာနများမှ မျိုးဆက်သစ်အရန် အင်အားများကို နည်းပြများဖြစ်သည့် လယ်/ဆည်မှ မြန်မာ့လက်ရွေးစင်ဟောင်း ထွန်းမောင်နှင့် ဒေါ်ဖြူဖြူသီ၊ ရထားမှ နော်ဗွေထူး၊ ဝင်းဝင်းမော်နှင့် အဖွဲ့ချုပ် နည်းပြဦးလှထွန်းတို့က စနစ်တကျ နည်းစနစ်မှန်မှန်ဖြင့် လေ့ကျင့်မွေး ထုတ်ပေးလျက်ရှိကြောင်း။ နိုင်ငံတော်အစိုးရ၊ အဖွဲ့ချုပ်နှင့် အလှူရှင်များကလည်း ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသည့်အတွက် မိမိကလေးများ ရေးယခင်ကထက် ပိုမိုကြိုးစားလာပြီး စံချိန်များလည်း တိုးတက်မြင့်မားလာကြောင်း" ဖြင့် ရှင်းပြသွားသည်။

အိုလံပစ်ပွဲတွင် ပါဝင်ဆင်နွှဲမည့် နန်းအေးခိုင်ကလည်း "ဆရာများ၏ ပြသမှုကို လေ့လာကြိုးစားရင်း မိမိ ၂၀၀၄ခုနှစ်တွင် ပဏာမလက်ရွေးစင်နှင့် လက်ရွေးစင်ဖြစ်ပြီး ဧပြီလတွင် (၁၇)ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက် အလေးမပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခုကိုအမိနိုင်ငံနှင့်အဖွဲ့ချုပ်အတွက် ရယူပေးနိုင်ကြောင်း၊ မိမိစံချိန်များလည်းတဖြည်းဖြည်းတိုးတက်ကောင်းမွန်လာပြီး ပြိုင်ပွဲဝင်ရန် အသင့် အနေအထားကို ရောက်ရှိပြီဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

မြန်မာနိုင်ငံသည် ခေတ်သစ်အိုလံပစ်ပြိုင်ပွဲကို ၁၉၄၈ ခုနှစ် လန်ဒန်၌ ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် အိုလံပစ်ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ဖူးသည်။ ထိုစဉ်က စိန်ဖေ(မီတာ ၁၀၀၊ ၂၀၀) အပြေး၊ လက်ဝှေ့တွင် စောဟာဒီနှင့် မျိုးသန့်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၇၆ ခုနှစ် ကနေဒါနိုင်ငံတွင် ကျင်းပသည့် (၂၁)ကြိမ်မြောက် မွန်ထရီရယ်အိုလံပစ်ပြိုင်ပွဲမှ လွဲ၍ စဉ်ဆက်မပြတ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ယခုအကြိမ်ပါဆိုလျှင် ၁၃ ကြိမ် ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။

ယခု ပါဝင်ယှဉ်ပြိုင်မည့် နန်းအေးခိုင်(ရထား)သည် လေ့ကျင့်စဉ်က ရရှိထားသည့်စံချိန်များအတိုင်း မ,နိုင်လျှင် ဆုတံဆိပ်တစ်ခုခုချိတ်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မိမိအဖွဲ့ချုပ်၏ဂုဏ်ကို အလေးမအားကစားနည်းဖြင့် မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ။

(မြန်မာ့အလင်း)

(၁၇)ကြိမ်မြောက် အာရှ အမျိုးသမီး တံခွန်စိုက် အလေးမပြိုင်ပွဲ စခန်းသွင်းလေ့ကျင့်မှု အတွေ့အကြုံကို နည်းပြဆရာ ဦးမြင့်ဆွေက ရှင်းပြစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၅

အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၁၃)ကြိမ်မြောက် အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ (၇)ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ ဩဂုတ် ၁၅ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့်တရားစခန်းဖွင့်မည့် ဩဂုတ် ၁၅ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ်အာဇာနည်လမ်းရှိမင်္ဂလာဇုံဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

အမည်ပြောင်း

ဦးမြကျော်၏သားဖြစ်သူ ဒဂုံဆိပ်ကမ်းမြို့ အထက(၂)ယုဇန ပဥ္စမတန်း(D)မှ မောင်ကောင်းခန့်ကျော်အား ယနေ့မှစ၍ မောင်ဝင်းမင်းဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝင်းမင်းဦး။**

နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးခြင်း

ကျွန်တော် ကျော်စွာလွင် [၇/မလန(နိုင်) ၀၀၂၁၉၀] နှင့် ကျွန်မ အေးနွယ်မြင့် [၁၂/စခန(နိုင်)၀၄၀၄၈၆] တို့သည် ၂၉-၇-၂၀၀၄ ရက်တွင် ဗဟန်းမြို့နယ်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးပါကြောင်း။

အက်စ်ယူအာရ်အေ အကြမ်းဖက်သောင်းကျန်းသူများ နမ့်စန်မြို့နယ်အတွင်း တောင်ယာလုပ်ကိုင်သူများအား ပစ်ခတ်သတ်ဖြတ်

ရန်ကုန် ဩဂုတ် ၅

အက်စ်ယူအာရ်အေ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ အပြစ်မဲ့ ပြည်သူများအား လက်နက်အားကိုး နှိပ်စက်သတ်ဖြတ်၊ ဓားပြတိုက် လုယက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် မွန်းလွဲ ၁နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်မြို့နယ် မက်မွန်လောင်းကျေးရွာ အရှေ့ဘက်တောင်ကြောပေါ်တွင် တောင်ယာစိုက်ပျိုးလုပ်ကိုင်ကြသူများဖြစ်ကြသည့် နမ့်စန်မြို့နယ်ကုန်းပေါင်းကျေးရွာမှ မောင်သိန်းသိန်း၊ မောင်ဇော်မျိုးနှင့် မောင်ကျော်မင်းလတ်၊ တောင်ကြီးမြို့မှ မောင်အောင်လင်းထွန်းနှင့် မောင်ငှက်ကလေးတို့ ငါးဦးအား ၎င်းတို့ တောင်ယာတဲအနီး၌ ကြိုးတုပ်၍ တန်းစီ ဒူးထောက်ခိုင်းပြီး လက်နက်ငယ်များဖြင့် အနီးကပ် ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။

ပြန်လည်လွှတ်ပေး

ထို့အပြင် ၎င်းတောင်ယာလုပ်ကိုင်သူများနှင့်အတူရှိသည့် မနန်းကြိမ်ခမ်းအား သတ်ဖြတ်ခြင်းမပြုဘဲ သောင်းကျန်းသူများက ကြိုးတုပ်၍ တောင်ကြောအရှေ့တောင်ဘက်သို့ ခေါ်ဆောင်သွားပြီးနောက် ၎င်းအား ပြန်လည်လွှတ်ပေးခဲ့ကြောင်းသိရသည်။

ရှင်းလင်းချေမှုန်း

ယင်းဖြစ်စဉ် သတင်းရလျှင်ရချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းမှ သွားရောက်ရှင်းလင်းရာ အက်စ်ယူအာရ်အေ အကြမ်းဖက်သောင်းကျန်းသူများ လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ထားခဲ့၍ သေဆုံးနေသည့် အလောင်းငါးလောင်းနှင့် လက်နက်ငယ်ကျည်ခွံများအား တွေ့ရှိရပြီး ယခုကဲ့သို့ အပြစ်မဲ့ ပြည်သူများအား ရက်ရက်စက်စက် လူမဆန်စွာ သတ်ဖြတ်ခဲ့ကြသည့် အက်စ်ယူအာရ်အေ အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းက ထပ်ကြပ်လိုက်လံရှင်းလင်း ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးဖမ်းဆီးရမိ ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဩဂုတ် ၅

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် တာချီလိတ် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် အောက်တိုဘာ ၁၀ရက်တွင် သတင်းအရ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု လွန်းကျိုင်းရွာ သရက်ခြံလမ်းနေ အားငို(ခ)နိုဆန်းအား စစ်ဆေးရှာဖွေရာ နေအိမ်အတွင်းခန်းထုပ်တန်းပေါ်၌ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု လွန်းကျိုင်းရွာနေ ဦးဟန်ခေ၏သား အားငို(ခ)နိုဆန်းအား တာချီလိတ်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ်၆၇/၂၀၀၃ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ၁၅/၁၉(က)အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို တာချီလိတ်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် တရားခံ အားငို(ခ)နိုဆန်းအား မူးယစ်ဆေးဝါးသုံးစွဲမှုပုဒ်မ ၁၅အရ ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၉နှစ် သီးခြားစီကျခံစေရန် ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂရိလည်း ချန်ပီယံ သင်လည်း ချန်ပီယံ
ရင်ခုန်စေတဲ့ ချန်ပီယံ

ချန်ပီယံအဖုံးမဲများကို အောက်ပါရုံးလိပ်စာသစ်များတွင် လာရောက် လဲလှယ်ထုတ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

IBTC

ရန်ကုန်ရုံးချုပ်

အမှတ် (၁၈) ပြည်လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊

Tel : 95-1-662512, 244795, 651741 Fax : 95-1-663675

E-mail: ibtcygn@mptmail.net.mm http://www.royalwhisky.com

မန္တလေးရုံးခွဲ

အမှတ် (၁၀၃)၊ ၈၁ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊

Tel : 02 - 66630, 02 - 39380

မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာမှု အားတက်ဂုဏ်ယူဖွယ်ရာ ရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတကာပြိုင်ပွဲများ၌ မြန်မာ့အားကစားမောင်မယ်များ အောင်နိုင်မှု ဆုတံဆိပ်များ ဆွတ်ခူးရရှိကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ကြသည်။

"နိုင်ငံတော်၏ အားကစားအဆင့်အတန်းကို တိုးတက်အောင် မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်နေခြင်းဖြစ်သည်။" "နိုင်ငံတော်၏ အားကစားအဆင့်အတန်းမြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ အဆင့်အတန်းကိုလည်း မြင့်မားစေသည်။" ဟူသော ဆောင်ပုဒ်များကို လက်ကိုင်ပြုကာ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် တာဝန်ရှိသူအားလုံး တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြသည်။ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်အောင်မြင်မှုများနှင့် ပတ်သက်၍ ပြီးခဲ့သည့်နှစ်များဆီသို့ ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် မကြာမြင့်မီက ရရှိခဲ့သော အောင်မြင်မှုများသည် အားတက်ဂုဏ်ယူဖွယ်ရာ ရလဒ်ကောင်းများပင်ဖြစ်သည်။

ဘောလုံး

ဘောလုံးအားကစားနည်းမှ အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ပါက မြန်မာလူငယ် ဘောလုံးအသင်း၏ အောင်မြင်မှုသည် အထင်ကရပင် ဖြစ်သည်။ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၂ ရက်အထိ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ ပူးတွဲကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အသက်(၁၇)နှစ်အောက် မြန်မာလူငယ်အသင်း အနိုင်ရ ဗိုလ်စွဲခဲ့သည်။

မြန်မာလူငယ်အသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားရာတွင် ဗီယက်နမ်လူငယ်ကို ခြောက်ဂိုး-နှစ်ဂိုး၊ ဘရူနိုင်းလူငယ်ကို ၁၁ ဂိုး-ဂိုးမရှိ၊ စင်ကာပူလူငယ်ကို လေးဂိုး-ဂိုးမရှိ၊ အိမ်ရှင်မလေးရှားလူငယ်ကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ လေးပွဲကစား လေးပွဲနိုင်(၁၂)မှတ်ဖြင့် အုပ်စုပထမ ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် အိမ်ရှင်အင်ဒိုနီးရှား လူငယ်ကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့သည်။ နောက်ဆုံးဗိုလ်လုပွဲတွင် လာအိုလူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ မြန်မာလူငယ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်အသင်းသည် ချန်ပီယံဆုဖလားနှင့်အတူ အသန့်ရှင်းဆုံး ဆုဖလားကိုပါ ရရှိခဲ့သည်။

ရွှေတံဆိပ်နှစ်ခု ဆွတ်ခူး

(၁၅) ကြိမ်မြောက် အာရှတံခွန်စိုက် ပြေးခုန်ပစ် ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးပေးသော မြန်မာအပြေးမယ် ယဉ်ယဉ်ခိုင်။

အာဆီယံချန်ပီယံ အသက်(၁၇)နှစ်အောက် မြန်မာလူငယ်အသင်းတွင် အားကစားသမားများအဖြစ် **(ဂိုး)**ထွန်းထွန်းလင်း၊ အောင်နိုင်စိုး။ **(နောက်တန်း)** ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ ဝင်းမင်းထွဋ်၊ ကျော်စွာဝင်း၊ အောင်ကျော်ဇံ၊ ဇော်မျိုးမင်း။ **(အလယ်တန်း)** ညီညီအောင်၊ ဝေယံမောင်၊ ထွန်းထွန်းဝင်း၊ သန်းဝဏ္ဏအောင်၊ စည်သူမောင်၊ မျိုးမင်းထွန်း။ **(ရှေ့တန်း)**ဘိုဘိုအောင်၊ ထွန်းမင်းဦး၊ သက်နိုင်ဦးနှင့် ကျော်ကျော်စိုးတို့ ပါဝင်ခဲ့ကြသည်။

အာဆီယံပြိုင်ပွဲ

ပထမအကြိမ်အသက်(၁၈)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲကို ၂၀၀၃ခုနှစ် ဇွန် ၇ ရက်မှ ၁၈ရက်အထိ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌ ပူးတွဲကျင်းပခဲ့ရာ အသက်(၁၈)နှစ်အောက်မြန်မာလူငယ်လက်ရွေးစင်အသင်း ဗိုလ်စွဲခဲ့သည်။

မြန်မာလူငယ်အသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် လာအိုလူငယ်ကို ရှစ်ဂိုး-ဂိုးမရှိ၊ ထိုင်းလူငယ်ကို ငါးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး စင်ကာပူလူငယ်နှင့် တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာလူငယ်အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇) မှတ်ရရှိပြီး အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲတွင် ဗီယက်နမ်လူငယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဗိုလ်လုပွဲတွင် ရှုံးပွဲမရှိသေးသော မလေးရှားလူငယ်ကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ မြန်မာလူငယ်အသင်းသည် ပြိုင်ပွဲနှစ်ရပ်၌ ဆက်တိုက်ဆိုသလို ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။



ရွှေတံဆိပ်ဆုရှင်

(၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သော ဝူရှူးအားကစားမယ် ခိုင်ခိုင်မော်။ (မြန်မာ့အလင်း)

အာဆီယံချန်ပီယံ အသက်(၁၈)နှစ်အောက် မြန်မာလူငယ်အသင်းတွင် အားကစားသမားများအဖြစ် **(ဂိုး)**ထွန်းထွန်းလင်း၊ စိုးပိုင်ဖြိုး။ **(နောက်တန်း)** ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ အောင်ဇော်မျိုး၊ မင်းမင်းထွန်း၊ ကျော်ဇေယျာမင်း၊ ဉာဏ်လင်းကျော်၊ ပေါ်ထွန်းကျော်။ **(အလယ်တန်း)** မျိုးမင်းထွန်း၊ ထွန်းထွန်းဝင်း၊ ကျော်ဇင်ဝင်း၊ နိုင်ဝင်း၊ ကျော်ကျော်စိုး။ **(ရှေ့တန်း)**ထွန်းမင်းဦး၊ ဘိုဘိုအောင်၊ မာလနှင့် စည်သူဝင်းတို့ ပါဝင်ခဲ့ကြသည်။

အသက် (၁၇)နှစ်အောက် မြန်မာလူငယ်အသင်းနှင့် အသက် (၁၈)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းတို့ကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့ကြသလို ပြည်သူများကလည်း တစ်ခဲနက် အားပေးခဲ့ကြသည်။ မြန်မာလူငယ်ဘောလုံးသမားလေးများက အာဆီယံချန်ပီယံ ဆုဖလားရယူပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သကဲ့သို့ အခြားသော အားကစားနည်းမှ အားကစားမောင်မယ်များကလည်း နိုင်ငံတကာပြိုင်ပွဲများ၌ ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ဆွတ်ခူးပေးခဲ့ကြသည်။

အာရှအားကစားပွဲ

၂၀၀၂ခုနှစ် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားမောင်မယ်များက ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြသည်။ (၁၄)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ တွင် မြန်မာနိုင်ငံမှ ဝူရှူးအားကစားမယ် ခိုင်ခိုင်မော်က ရွှေတံဆိပ်၊ အလေးမ အားကစားမယ် ကေသီဝင်းက ငွေတံဆိပ်နှင့် ကာယဗလမောင် မင်းဇော်ဦးက ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့ကြသည်။ မင်းဇော်ဦးရရှိသော ဆုတံဆိပ်သည် အာရှအားကစားပြိုင်ပွဲ၌ အလေးမ အားကစားနည်းဖြင့် ပထမဆုံး ရရှိသည့် ဆုတံဆိပ်ဖြစ်သည်။ မြန်မာ့အားကစားမောင်မယ်များသည် အရှေ့တောင်အာရှ အဆင့်သာမက အာရှအဆင့်၌ပါ ထိုးဖောက်အောင်မြင်နေသည်ကို ပြသလိုက်ခြင်းပင် ဖြစ်သည်။

ပြေးခုန်ပစ်

၂၀၀၃ခုနှစ် (၁၅)ကြိမ်မြောက် အာရှတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စက်တင်ဘာ ၂၁ရက်မှ ၂၃ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အပြေးမယ် ယဉ်ယဉ်ခိုင်က ရွှေတံဆိပ်နှစ်ခုဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့သည်။ အပြေးမယ် ယဉ်ယဉ်ခိုင်သည် မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် စံချိန် ၂မိနစ် ၁၃ဒသမ ၈ စက္ကန့်ဖြင့် ရွှေတံဆိပ်၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ စံချိန် ၅၂ဒသမ ၉၆စက္ကန့်ဖြင့် ရွှေတံဆိပ် စုစုပေါင်းရွှေတံဆိပ် နှစ်ခု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ အာရှအဆင့်၌ အောင်မြင်မှုနှင့် အတန်ကြာဝေးကွာနေခဲ့ရာမှ တစ်ကျော့ပြန်အောင်မြင်လာမှုဖြစ်၍ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွက် အားတက်ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။

ဝူရှူး

၂၀၀၃ ခုနှစ် (၇)ကြိမ်မြောက် ကမ္ဘာ့ဝူရှူးတံခွန်စိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၇ရက်အထိ မကာအို၌ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင်ဝူရှူးအားကစားအဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာဝူရှူးအားကစားအဖွဲ့သည် ရွှေတံဆိပ်နှစ်ခု၊

သတ္တမအကြိမ်မြောက် အာရှကာယဗလပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင် မင်းဇော်ဦး။

ငွေတံဆိပ်လေးခု၊ ဂုဏ်ထူးဆောင်လက်မှတ်အဆင့်(၄)နှစ်ခုနှင့် အဆင့်(၅) တစ်ခုဆွတ်ခူးရရှိခဲ့သည်။ နိုင်ငံပေါင်း ၅၇နိုင်ငံမှ အားကစားသမားပေါင်း၇၀၀ကျော် ပါဝင်ယှဉ်ပြိုင်သည့် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွင် မြန်မာဝူရှူးအားကစားအဖွဲ့က နိုင်ငံအလိုက် ပဉ္စမနေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ရာ ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။ မြန်မာ့ဝူရှူးအားကစားအဖွဲ့အတွက် ရွှေတံဆိပ်ကို ဝူရှူးအားကစားမယ်များ ဖြစ်ကြသည့် ခိုင်ခိုင်မော်နှင့် ဆွေဆွေသန့်တို့က ဆွတ်ခူးပေးခဲ့ခြင်း ဖြစ်သည်။

မြားပစ်

၂၀၀၃ခုနှစ် (၁၃)ကြိမ်မြောက် အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် အေသင်အိုလံပစ်လက်ရည်စစ် မြားပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ ရန်ကုန်မြို့၌ နိုဝင်ဘာ ၄ရက် မှ ၉ရက်အထိ ကျင်းပခဲ့သည်။ အေသင်အိုလံပစ် မြားပစ်ပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်သီးမြားပစ်အမျိုးသား ၆၄ ဦးနှင့် အမျိုးသမီး ၆၄ဦးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။ သို့ဖြစ်၍ အဆင့်ဆင့် လက်ရည်စစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ရာတွင် မြန်မာနိုင်ငံမှ မြားပစ်မယ် သင်းသင်းခိုင်က ထိပ်သီးအမျိုးသမီး ၆၄ဦးတွင် တစ်ဦးအပါအဝင် ရွေးချယ်ခံရပြီး တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ မြားပစ်မယ် သင်းသင်းခိုင်သည် အိုလံပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ခြေစစ်ပွဲအောင်မြင်ပြီး ပထမဆုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသူအဖြစ် မှတ်တမ်းဝင်သွားသည်။ မြားပစ်မယ် သင်းသင်းခိုင်သည် ဂရိနိုင်ငံအေသင်မြို့၌ကျင်းပမည့် အိုလံပစ်အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

၂၀၀၄ခုနှစ် ဒုတိယအကြိမ်မြောက် အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇွန်၁၈ရက်မှ ၂၀ရက်အထိ ကျင်းပခဲ့ရာ မြန်မာမြားပစ်အားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲ၌ မြန်မာမြားပစ် အားကစားအဖွဲ့သည် ရွှေတံဆိပ်တစ်ခုနှင့်ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ အမျိုးသမီးတစ်ဦးချင်း မီတာ ၇၀ မြား၇၂ချောင်းပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မြားပစ်အားကစားမယ် သင်းသင်းခိုင်က ၆၁၈မှတ်ဖြင့် ပထမ ရွှေတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ Recurue မြားပစ်ပြိုင်ပွဲတွင် မြန်မာအသင်းက တတိယကြေးတံဆိပ်နှင့် အမျိုးသားတစ်ဦးချင်း မြားပစ်ပြိုင်ပွဲတွင် ညီညီထွန်းက ကြေးတံဆိပ် ရရှိခဲ့ခြင်းဖြစ်သည်။

ကာယဗလ

၂၀၀၄ခုနှစ် သတ္တမအကြိမ်မြောက် အာရှကာယဗလပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဇွန် ၁၉ ရက်တွင် ကျင်းပခဲ့ရာ မြန်မာကာယဗလအားကစားအဖွဲ့ ဝင်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာကာယဗလအဖွဲ့က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် အသင်းလိုက် တတိယဆုများ ဆွတ်ခူးရရှိခဲ့သည်။ မြန်မာကာယဗလအဖွဲ့အတွက် ၈၅ ကီလိုတန်းပြိုင်ပွဲတွင် မင်းဇော်ဦးက ရွှေတံဆိပ်၊ ၇၀ ကီလိုတန်းပြိုင်ပွဲတွင် အောင်ခိုင်ဝင်းက ရွှေတံဆိပ်နှင့် ၅၅ ကီလိုတန်းပြိုင်ပွဲတွင် ဇော်ဝမ်းက ငွေတံဆိပ် ဆွတ်ခူးရယူပေးခဲ့ခြင်း ဖြစ်သည်။

မြင်းစီး

၂၀၀၄ခုနှစ် မလေးရှားမြင်းစီးအားကစားပွဲတော်ကို မလေးရှားနိုင်ငံ ပီနန်ကျွန်း၌ ဇွန် ၃ရက်မှ ၆ရက်အထိ ကျင်းပခဲ့ရာ မြန်မာမြင်းစီးအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာမြင်းစီးအားကစားအဖွဲ့က ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာမြင်းစီးအားကစားအဖွဲ့တွင် အားကစားသမားများအဖြစ် အမျိုးသား တစ်ဦးနှင့် အမျိုးသမီးခြောက်ဦး ပါဝင်ခဲ့ရာ Dressage I အလှစီးပြိုင်ပွဲတွင် အေးသက်တာက ရွှေတံဆိပ်၊ တန်းခုန် အလွတ်တန်းပြိုင်ပွဲတွင် အိသက်မွန်က ရွှေတံဆိပ်၊ Dressage II အလှစီးပြိုင်ပွဲတွင် အိသက်မွန်က ရွှေတံဆိပ်၊ Show-Jumping တန်းခုန်ပြိုင်ပွဲတွင် အောင်သူထွန်းက ငွေတံဆိပ်၊ တန်းခုန် အလွတ်တန်း ပြိုင်ပွဲတွင် အိသက်မွန်က ငွေတံဆိပ်၊ Dressage I အလှစီးပြိုင်ပွဲတွင် စုစုပုလဲက ကြေးတံဆိပ်၊ Show-Jumping တန်းခုန်ပြိုင်ပွဲတွင် အိသက်မွန်က ကြေးတံဆိပ်နှင့် Dressage အလှစီး အထူးဂုဏ်ပြုဆုကို ယမုံဦးတို့က ရရှိခဲ့ကြသည်။

မြန်မာအမျိုးသမီး မြင်းစီးအားကစားမယ်များသည် ယခင်က နိုင်ငံတကာ ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ခဲ့ဖူးခြင်း မရှိဘဲ ယခုပြိုင်ပွဲမှသာ ပထမဆုံး အကြိမ် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲတွင် မြန်မာအမျိုး သမီး မြင်းစီးအားကစားမယ်များ အောင်နိုင်မှု ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ဂုဏ်ယူစရာပင် ဖြစ်သည်။

စွမ်းစွမ်းတမံ

မြန်မာ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ခေတ်အဆက်ဆက်နှင့်မတူအောင် ယနေ့အချိန်အခါတွင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအပိုင်းက ဝိုင်းဝန်းအားပေးချီးမြှောက်လျက်ရှိသည်။ ပြည်သူများကလည်း နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ဆုများ ဆွတ်ခူးပေးနိုင်လျှင် လှိုက်လှိုက်လှဲလှဲ ကြိုဆိုအားပေးခဲ့ကြသည်။ ဤသို့သော အချိန်အခါကောင်းတွင် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မြန်မာ့အားကစားမောင်မယ်များအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ၌ စွမ်းစွမ်းတမံ ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လက်မှတ်ပေးအပ်

ချောင်းဆုံမြို့နယ် ကရင်ဝင်းစိန်ကျေးရွာ အလယ်တန်းကျောင်း၏ ၂၀၀၂– ၂၀၀၃ ပညာသင်နှစ် **အလယ်တန်းနှင့် အမကအဆင့်** ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး **ဦးလှကြိုင်က** အလယ်တန်း အဆင့် ကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (၁၆၈)

ဆောင်ရွက်

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်း နှင့်အဖွဲ့ဝန် ထမ်း များ၊ ဈေးအရန်မီးသတ်တပ် ဖွဲ့ဝင် များ၊ ဈေးသူ ဈေးသားများ၊ မြို့မဈေးအတွင်း အပြင်ရေမြောင်းများရှိ အမှိုက်သရိုက် နုန်းမြေများ ဆယ်ယူခြင်းနှင့် မီးသတ်ပိုက်ဖြင့် ဆေးကြောခြင်းတို့ကို ဇူလိုင် ၁၆ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။(မြို့နယ် ပြန်/ဆက်)

ဆက်ကပ်

သန်လျင်မြို့ မြို့ဟောင်းအလယ် အခြေခံပညာ အလယ်တန်းကျောင်း၏ မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၈ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ထားဝင်းက ဆရာတော်များထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၇–၈–၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)
–အဖိတ်နေ့ နှုတ်ဆက်ချက်

နေ့လယ်ပိုင်း

၀၉:၃၀ ခေတ်ပေါ်တေး
၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနှင့် သာစု ဆွေးနွေးခန်း
၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ရေခဲခြောက်ထုတ်လုပ်မှုနှင့် အသုံးပြုပုံအကြောင်း)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁)ရင်သွေးရတနာပြုစုပါ (ခေါင်းကြီး)
(၂)ချစ်တတ်ကြစေ(ဆောင်းပါး)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်းအောက်ဆင့်– ပြည်ထောင်စုစိတ်ဓာတ်)

ညနေပိုင်း

၁၆:၁၀ သုခ၏ မေတ္တာသုတ် (ဒုတိယပိုင်းအဖွင့်)
၁၇:၀၀ ခေတ်ဟောင်းတေး
၁၇:၁၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ်(ရန်ကုန်တိုင်းမှ မောင်မောင်ကျော်ဖြိုးနှင့် မွန်ပြည်နယ်မှ ဦးမင်းဟန်တို့၏ ခေတ်ဟောင်း/ကာလပေါ်တေး)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားနှင့် အားကစားပရိသတ်) (ဦးဉာဏ်ထွန်း–ညွှန်မှူး–အား/ကာ)
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်ဖွားတော်မူခန်း (ပထမပိုင်း)
၂၀:၃၀ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်ဖွားတော်မူခန်း (ဒုတိယပိုင်း)

ကိုယ့်အားကိုယ်ကိုး အလင်းတန်းစာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြား

ကျိုက်လတ် ဇူလိုင် ၁၀

ကျိုက်လတ်မြို့ ကိုယ့်အားကိုယ်ကိုး အလင်းတန်း စာကြည့်တိုက်ဖွင့်ပွဲ၊ နယ်လှည့် စာကြည့်တိုက်နှင့် ပညာပေး နံရံကပ် စာစောင်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က ဝမ်နတ် အခြေခံ ပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးလှဌေးက ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၊ နယ်လှည့်စာကြည့်တိုက်နှင့်ပညာပေး နံရံကပ် စာစောင်ပြသရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အိမ်မဲမြို့နယ်ဆတ္တူ ကျေးရွာအုပ်စု ဘွက်တန်းကျေးရွာ မူလတန်းလွန်ကျောင်း ဖွင့်ပွဲကို ဇွန် ၂၄ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူးဦးတင်မြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ထွန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

e- Education Learning Centre
သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်
မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၉–၈–၂၀၀၄ (တနင်္လာနေ့)

- ❑ Economic Development Concept and Measurement.
  - တတိယနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု ကျောင်းသားကျောင်းသူများ
- ❑ Simple Linear Regression and Correlation
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၀–၈–၂၀၀၄ (အင်္ဂါနေ့)

- ❑ Free Trade Versus Protectionism
  - တတိယနှစ်စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Theories of Consumer Behaviour
  - ဒုတိယနှစ်စီးပွားရေးပညာ အထူးပြု

၁၁–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ Economic Instability and Demand Management Policies
  - တတိယနှစ်စီးပွားရေး၊ အထူးပြု
- ❑ Application of Demand and Supply Analysis
  - ပထမနှစ်စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြု

၁၂–၈–၂၀၀၄ (ကြာသပတေးနေ့)

- ❑ The Legal Forms of Business Ownership
  - ပထမနှစ် စီးပွားစီမံ၊ စီးပွားရေးပညာအထူးပြု
- ❑ မင်းတုန်းမင်းခေတ်သာသနာရေး (The Religious Policy of Mindon)
  - တတိယနှစ် သမိုင်းအထူးပြု
- ❑ Jurisprudence and Legal Theories
  - ပထမနှစ် ဥပဒေအထူးပြုကျောင်းသား၊ ကျောင်းသူများအတွက်

၁၃–၈–၂၀၀၄ (သောကြာနေ့)

- ❑ - "အချင်းကဗျာစုလာညည်းချင်း"ကဗျာစုမှ မြန်မာ့သဘာဝအလှများ
  ပထမနှစ် မြန်မာစာအထူးပြု
- ❑ "ဘာသာဆောင်းပါးများပို့ချချက်"
  - ပထမနှစ်မြန်မာစာအထူးပြု
- ❑ Small Signal Bipolar Amplifier
  - တတိယနှစ် ရူပဗေဒအထူးပြု

နံနက် ၉:၀၀နာရီမှ ညနေ ၄:၀၀နာရီထိ

၁၄–၈–၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

၁၅–၈–၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

တမူးမြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်

တမူး ဇူလိုင် ၃၀

တမူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာအုပ်စုအဆင့် မိုးရာသီ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၂၅ရက် ညနေက တမူးမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ယှဉ်ပြိုင်

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ဘောလုံးကန်၍ ကွင်းဖွင့်ပေးလိုက်သည်။ မိုးရာသီဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ဘောလုံးအသင်း ၁၅ သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၂၅ရက်မှ ဩဂုတ် ၁၈ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စုပေါင်းဆောင်ရွက်

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇရာဦးပန်းခြံကို သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျုံပျော်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသန်းအေး(ငြိမ်း)၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ပန်းခြံစိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဇူလိုင် ၁၀ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဒိုင်းမွန်းဦးပေသန်းအတွက် မွေးနေ့ဆုတောင်း

မိသားစုအပေါ်တွင် အေးမြသောအရိပ်ကိုပေးစွမ်းနိုင်သော ကျေးဇူးရှင်ဖေဖေ၏ ၆–၈–၂၀၀၄ရက်တွင်ရောက်ရှိသော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် ချစ်သော မေမေ ဒေါ်ခင်ထွေးခိုင်နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် သာသနာ့အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေလို့ ချစ်သောသားသမီးမြေးများမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ဇနီး – ဒေါ်ခင်ထွေးခိုင်
သားသမီးများ – မောင်အောင်–မမိုး
– မောင်ကျော်–မခိုင်
– မောင်မျိုး–ငယ်လေး
ချစ်မြေးများ – ချစ်ပုံ့လုံလုံ
– ချစ်ပိုးခြည်
– ချစ်သားရွှေသွေး
– ချစ်သားချော။

NIBBAN
ELECTRIC & ELECTRONICS
NIBBAN GROUP

Excellent Computer Centre
Windows Basic
DTP Course
E-mail & Internet
Graphic Design
Multimedia Course
Auto CAD (2004)
Hardware (A+)
Web Application Level-I
Web based Java Server Side Level - II
JAVA
Visual Basic Level-I
C++ (Basic)
C++ (Advance)
Linux Course
ASP
Networking Course

သံသရာလမ်းပြ ဩဝါဒ ရတနာများ
ဆု၁၀

Hepta digital art
mon-fri / 3 classes
start-16th aug (3 months)

ကျေးဇူးတင်လွှာ

သားဦးရတနာအား ကျန်းမာသန်စွမ်းစွာဖြင့် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက် (၂၀၀၄ ခုနှစ် ဇူလိုင် ၂၆ ရက်) တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်ပေးခဲ့ကြသော သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ ကလေးအထူးကု ဆရာဝန်ကြီး၊ မေ့ဆေးအထူးကု ဆရာဝန်တို့နှင့်အတူ အောင်မြင်စွာ ခွဲစိတ်မွေးဖွားသန့်စင်ပေးခဲ့ကြသော ဆရာဝန်ကြီးများ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများအား လည်းကောင်း၊ သုခကမ္ဘာအထူးကုဆေးခန်း မိသားစုအား လည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

ကိုဇော်ဝမ်း–မယုယုမြင့်။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြောင်းကြီးလမ်း၊ အမှတ်(၂၂)၊ မြေတိုင်းရပ်ကွက် (၁၁–အိုင်) မြေကွက်အမှတ်(၂၅) မြေအကျယ် ၀ ဒသမ ၀၄၄ ဧကရှိ မြေကွက်ပေါ်တွင် ၂ ခန်းတွဲ ခြောက်ထပ်တိုက်ဆောက်လုပ်ရန် ကျွန်ုပ်၏မိတ်ဆွေနှင့် မြေရှင်များဖြစ်ကြသော ဒေါ်သန်းသန်း ၁၂/ဗတထ(နိုင်) ၀၂၁၅၈၂၊ ဒေါ်စန်းစန်းဝင်း ၁၂/ပဇတ(နိုင်)၀၁၁၀၄၆၊ ဒေါ်အေးကြည် ၁၂/ပဇတ(နိုင်) ၀၀၇၁၅၀တို့နှင့် စာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ ကန့်ကွက်လိုပါက အထောက်အထား စာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှ ၇ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၎င်းရက်ထက်ကျော်လွန်ပါက စာချုပ်ပါအတိုင်း ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ – **ဦးမိုးဇင်(ဘီအေ၊အိပ်ချ်ဂျီပီ)၊**
အထက်တန်းရှေ့နေ၊ စဉ်–၁၉၈၅၅
၃၃၉၊နဝရတ်ဈေးလမ်း(ဂ)ရပ်ကွက်၊ ရွှေပြည်သာမြို့။
ဖုန်း–၆၁၀၀၆၈။

အများသိစေရန်

ကျွန်ုပ်၏အမှုသည် ဦးဌေးဝင်း ၁၂/သကတ(နိုင်)၁၂၉၈၀၆ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ၈၈ လမ်း၊ အမှတ် ၃၉ နေသူ၏ ညွှန်ကြားပြောဆိုလွှဲအပ်ချက်အရ အများသိစေရန် ကြော်ငြာလိုက်သည်မှာ–

ကျွန်ုပ်၏အမှုသည် ဦးဌေးဝင်းသည် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၃)ရပ်ကွက် ၃၆ လမ်း အမှတ်(၁၇၈/၁၈၀)ဟု ခေါ်တွင်သော သုံးခန်းတွဲ တစ်ထပ်တိုက် အဆောက်အအုံနှင့် ယင်းအဆောက်အအုံတည်ရှိရာ ကျောက်တံတားမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် 13 E-2 မြေကွက်အမှတ် 8 IV Class အလျားပေ ၄၀ x အနံပေ ၄၀ ရှိ မြေပိုင်မြေကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်ပါ၍ ကျွန်ုပ်အမှုသည် ဦးဌေးဝင်း၏စာဖြင့် သဘောတူခွင့်ပြုချက်မရဘဲ ယင်းအဆောက်အအုံရှိ တိုက်ခန်းများကို ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲ ပြင်ဆင်ခြင်းတို့ အပြင် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ဝယ်ယူခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ အခြားနည်းတစ်မျိုးမျိုးဖြင့် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ပါရန်၊ ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပြီး ပြုလုပ်သူတို့အား ကျွန်ုပ်အမှုသည် ဦးဌေးဝင်းက တရားဥပဒေအတိုင်း ဆောင်ရွက်ပေးပါရန် ကျွန်ုပ်အား ညွှန်ကြားပြောဆို လွှဲအပ်ထားပြီးဖြစ်ပါကြောင်း။

ဦးဇော်မင်း–ဝိဇ္ဇာဘွဲ့၊ ဥပဒေဘွဲ့
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၅၊ အပေါ်ဆုံးထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏
သာသနာ့သန့်ရှင်းရေး (ခေါ်) သာသနဝိသောဓနီ

MCC
Junior Management & Office Staff
Fax, Email
Computerised Accounting Course
Accpac Plus Software

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေပေးဝေရေးလုပ်ငန်းသုံးအတွက် လိုအပ်လျက်ရှိသော Electro Chlorinator(One Complete Set)ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် ပစ္စည်းပေးသွင်းလိုသူများထံမှ မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ၂၅–၈–၂၀၀၄ နေ့ (၁၆:၀၀) နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်– ၂၇၆၀၈၆၊ ၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ (၂၃၅) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

အမည်ပြောင်း

အဖ ဦးစိုးသန်း၏ သမီး မရီမွန်စိုး ၁၂/မဂဒ(နိုင်)၀၉၈၄၀၆ အား ယနေ့မှစ၍ မငြိမ်းငြိမ်းဦး ဟု ပြောင်းလဲခေါ်ပါရန်။

မငြိမ်းငြိမ်းဦး။

အမည်ပြောင်း

ဦးအောင်မြင့်ဦး၏ သား မောင်ချစ်ကိုကို ပနှစ်(ဘူမိဗေဒ)ဒဂုံတက္ကသိုလ်အား မောင်အေးခန့်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အေးခန့်ဇော်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း (၉)ရက်
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)၊ ရှေ့တန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မိုင်းရှူး/လွိုင်ဆောင်ထောက်)နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေခံပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းများအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် ကျောက်မျက်ရတနာ ရောင်းဝယ်ခြင်းဆောင်ရွက်သည့် ဂျီတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်း ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂျီတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများရောင်းချလိုသည့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လ ၁ရက်မှ စက်တင်ဘာလ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၈၉၂၄မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်) သို့လာရောက် ဆက်သွယ်ဆောင်ရွက် ပါရန်။

ကညန၊ရန်ကုန်တိုင်း။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မမြနှင်းဖွေး ၁၂/သဃက (နိုင်)၀၀၃၂၃၀သည် မိဘ၊မောင်နှမ ခွင့်မလွှတ်နိုင်သည့်ကိစ္စများ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်သွားပါသဖြင့် ၂–၈–၂၀၀၄ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **မိခင် ဒေါ်ငြိမ်းငြိမ်း**

၁၂/သဃက (နိုင်) ၁၀၃၇၀၄။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် ၄/၂၉ နေ ဦးအောင်မိုးဦး ၁၂/ရကန(နိုင်)၀၀၁၀၉၅ သည် မိဘနှင့် မိသားစုဂုဏ်သိက္ခာ ထိပါးနိုင်သောကိစ္စများ ဆောင်ရွက်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်ကြောင်း၊ ၎င်း၏ လုပ်ရပ်များနှင့် စပ်လျဉ်း၍ မည်သည့်ကိစ္စများကိုမဆို တာဝန်ယူမည် မဟုတ်ကြောင်း။ **ဖခင် ဦးစန်းအောင်**

၁၂/ရကန(နိုင်)၀၅၄၆၁၀
မိခင် ဒေါ်စန်းရီ
၁၂/ရကန(နိုင်)၀၅၆၇၂၂

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်လှမျိုးသန့် (ခ) မောင်မျိုးသန့် မှတ်ပုံတင်အမှတ် ၁၂/မဂတ (နိုင်) ၀၇၇၂၂၆ သည် မိခင်ကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ အားလုံးကို တာဝန်မယူပါ။ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒေါ်လှလှဝေ
၁၂/မဂတ(နိုင်) ၀၁၅၃၃၈။

သမဝါယမဦးစီးဌာန
သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများ

သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များရှိ သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများတွင် ၁၁–၈–၂၀၀၄ ရက်နေ့မှ စတင်ဖွင့်လှစ်မည့် သင်တန်းများ၌ တက်ရောက်လိုသူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူများသည် အောက်ပါအရည်အချင်းနှင့်ပြည့်စုံရမည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံး အခြေခံပညာအထက်တန်းသင်ယူမှု အဆင့်ရှိရမည်။
(ဂ) သင်တန်းချိန်အတွင်း အခြားမည်သည့် ကျောင်း/သင်တန်း/တက္ကသိုလ်/ကောလိပ်တစ်ခုခု၌ တက်ရောက်နေသူ မဖြစ်စေရပါ။

၃။ အောက်ပါသင်တန်းများအနက် တစ်ခုခုကို လျှောက်ထားနိုင်သည်–
(က) လက်မှတ်ရအတွင်းရေးမှူးသင်တန်း
(ခ) စာရင်းကိုင်သင်တန်း
(ဂ) ကွန်ပျူတာသင်တန်း
(ဃ) ရုံးလုပ်ငန်းသင်တန်း

၄။ အမှတ်စဉ်(က)သည် သင်တန်းကာလ ၆ လဖြစ်ပြီး ကျန်သင်တန်းများမှာ ၃လနှင့် ၁၅ရက်ဖြစ်သည်။ လျှောက်ထား စာရင်းပေးသွင်းမှု အစီအစဉ်အရ သင်တန်းအလိုက် သတ်မှတ်ဦးရေအထိသာ လက်ခံမည် ဖြစ်ပါသည်။

၅။ လျှောက်လွှာပုံစံများကို သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများ (ရန်ကုန်မြို့အတွက် အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ်တွင်လည်းကောင်း၊မန္တလေးမြို့အတွက် အမှတ်–၁၆၉၊ ၈၃လမ်း စစ်ကိုင်းတန်းတွင်လည်းကောင်း၊ မော်လမြိုင်မြို့အတွက် ရွှေတောင်ရပ်၊ အထက်လမ်းမကြီးတွင် လည်းကောင်း) တွင်ဝယ်ယူပြီး ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ မွန်းလွဲ ၂:၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

(အချိန်ပိုင်းသင်တန်းများလည်း ဖွင့်လှစ်မည်ဖြစ်ရာ သက်ဆိုင်ရာကျောင်းများ၌ စုံစမ်းနိုင်ပါသည်)

ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်မြို့ အမှတ် (A/၂၇) ဦးဝိစာရလမ်း (၃၄)တိုးချဲ့ရပ်ကွက်၊ စက်မှုဇုန် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်တွင် နေထိုင်သူ ဦးထွန်းကျော် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/လမတ (နိုင်) ၀၂၃၇၉၀ သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များ၊ အမည်အမှတ်အသားများကို တစ်ဦးတည်းမှုပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် (၁၈–၂–၂၀၀၄)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၉၈၀/၂၀၀၄)၊ (၉၈၁/၂၀၀၄)၊ (၉၈၂/၂၀၀၄)၊ (၉၈၃/၂၀၀၄) အဖြစ် တရားဝင်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားများကို အသုံးပြု၍ အမျိုးသားဝတ်စုံအမျိုးမျိုး၊ အမျိုးသမီးဝတ်စုံအမျိုးမျိုး၊ ကလေးဝတ်စုံအမျိုးမျိုး၊ ဦးထုပ်၊ လက်ကိုင်အိတ်အမျိုးမျိုးတို့ကို ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပိတ်စအမျိုးမျိုးတို့ဖြင့် ချုပ်လုပ်လျက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေး အမှတ်(၁၃) မြေညီထပ် (STEP)အထည်ဆိုင်မှ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါကုန်အမှတ်တံဆိပ်ကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ထုတ်လုပ်၍ဖြစ်စေ၊ သုံးစွဲထုတ်လုပ်ဖြန့်ချိရောင်းချသူ မည်သူကိုမဆို တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးလှဝင်းB.A(LAW) LL.B တရားရုံးချုပ်ရှေ့နေ(စဉ်–၁၅၃၇)
အမှတ်၃၅၊ (ပထပ်) ၂၁လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်ရှိတိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား ဝယ်ယူထားသူက အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ ပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်း
၁။	ဒေါ်ခင်တိုး ၁၂/သဃက(နိုင်) ၀၁၀၈၀၃	ဒေါ်ခင်မီမီလတ် ၁၁/ဂမန(နိုင်) ၀၂၉၆၉၅	တိုက်–အေ–၅ အခန်း–၁၊ တတိယထပ်၊ ဗညားဒလအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း

ရော်ဘာပစ္စည်းထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာနမှ မှိုင်းခံရော်ဘာကို အခြေခံ၍ ရော်ဘာပစ္စည်းများထုတ်လုပ်ခြင်း နည်းပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)ကို(၆–၉–၂၀၀၄) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများ (၃၀–၈–၂၀၀၄) ရက် နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းကာလ – (၆–၉–၂၀၀၄) မှ (၂၄–၉–၂၀၀၄) အထိ
ပညာအရည်အချင်း – (၁) ဘွဲ့ရ
– (၂) လုပ်ငန်းအတွေ့အကြုံရှိက (၁၀)တန်းအောင်
သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

ရော်ဘာပစ္စည်းထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန
အမှတ် ၃၁၊ ကမ္ဘာအေးဘုရားလမ်း၊
နဝဒေးရပ်ရှင်ရုံရှေ့၊ မရမ်းကုန်းမြို့နယ်။
ဖုန်း–၆၆၆၀၂၄၊ ၆၆၀၄၅၅။

ဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင် ဆရာကြီး ဦးကျော်သိန်း ကထိက(ငြိမ်း)၊ မြို့ပြအင်ဂျင်နီယာဌာန (ရန်ကုန်စက်မှုတက္ကသိုလ်)သည် ၃၀–၇–၂၀၀၄ ရက်က ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကြီး ကောင်းရာသုဂတိ ရောက်ပါစေ။

၁၉၈၇–၁၉၉၁ တပည့်များ။

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
ဒေါ်ကျင်
အသက်(၆၈)နှစ်

Shwe Ya Mone Manufacturing Co., Ltd. မှ ဦးထွန်းအေး၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကျင်သည် ၂၅–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါသည်။

EON Engineering & General Trading Co., Ltd.

အများသိစေရန်ပြန်လည်ကြေညာခြင်း

၁၉–၇–၂၀၀၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးအေးမင်း၏ "အများသိစေရန် ကြေညာခြင်းတွင် ဖော်ပြထားသော မိခင်ဒေါ်သန်းညွန့်မှ ဦးအေးမင်းသို့ ၁၄–၃–၂၀၀၂စာချုပ် စာတမ်းမှတ်ပုံတင်အမှတ် ၃၂၉၃ ဖြင့် အထူးကိုယ်စားလှယ် (ဂျီပီ)လွှဲအပ်ထားသည်ဟု ဖော်ပြကြေညာခြင်းသည် (လုံးဝ) မှန်ကန်ခြင်းမရှိပါ။

ဒေါ်သန်းညွန့်မှ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၃၂၉၃ဖြင့် အထူးကိုယ်စားလှယ်စာ သို့မဟုတ် အထွေထွေကိုယ်စားလှယ် ပါဝါကို ပေးအပ်ခဲ့ခြင်း (လုံးဝ)မရှိခဲ့ပါ။

ထိုသို့မမှန်မကန်ထည့်သွင်းဖော်ပြထားသော ၁၉–၇–၂၀၀၄ရက်နေ့၏ ကြေညာချက်ကို ဦးအေးမင်းမှ ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် မရုပ်သိမ်းပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းညွန့်၏လွှဲအပ်ညွှန်ကြားချက်အရ–
တရားရုံးချုပ်ရှေ့နေများ

ဒေါ်နီနီစိုး(စဉ်–၂၃၆၆)
B.A, LL.B, B.D.S, EDS
ESB, T.P(India)

ဒေါ်ခင်သန်းအေး(စဉ်–၆၀၉၅)
B.Com, H.G.P, R.L

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ထပ်ခနိမ်ကျေးရွာနေ ကျွန်မ၏သမီးဖြစ်သူ မခင်သန်းဝင်း ၇/သနပ(နိုင်)၀၄၁၀၀၉ သည် မိခင်၏ ဆိုဆုံးမစကားများကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမှ လုံးဝ(လုံးဝ) တာဝန်မယူပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

မိခင်–ဒေါ်တင်မြ ၇/သနပ(နိုင်)၀၄၁၁၂၆
ထပ်ခနိမ်ကျေးရွာ၊ သနပ်ပင်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် (အသက် ၈၁ နှစ်)သည် ၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်(၁)အခြေခံပညာဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် (အသက် ၈၁ နှစ်)သည် ၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်(၂)အခြေခံပညာဦးစီးဌာန(မန္တလေးမြို့)။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် (အသက် ၈၁ နှစ်)သည် ၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် (အသက် ၈၁ နှစ်)သည် ၂–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံစာစစ်အဖွဲ့။

ဝယ်လိုသည်

လက်ရှိအသုံးပြုနေသော ရေခဲမုန့်စက်၊ Deep Freezer ၊

ဖုန်း–၅၆၁၅၉၆၊ ၀၉ ၅၀ ၀၁၃၉၄



အမည်ပြောင်း

ဦးသိန်းနိုင်၏သား အထက(၂) ရန်ကင်းဒသမတန်း (B) မှ မောင်အာကာပြည်သိမ်းအား မောင်အောင်ပြည့်ဖြိုးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ပြည့်ဖြိုးနိုင်။

အမည်မှန်

အဖ ဦးစိုင်းရွက်၏သမီး တာချီလိတ်မြို့ အထက၊သတ္တမတန်း(ဂ)မှ ကျောင်းဝင် အမှတ်(၉၈၈၀)နန်းကေခိုင်၏ အမည်မှန်မှာ နန်းရှဲန်စိန်ဖြစ်ပါကြောင်း။ **နန်းရှဲန်စိန်။**

ရဲယိုသီး
ဝယ် သည်
ဖုန်း–၆၆၆၄၃၂

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၇၃၆၈ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း။

ဗိုလ်မှူးကြည်စိုး(ငြိမ်း)
မုံရွာမြို့
အသက်(၇၁)နှစ်

ရန်ကုန်မြို့(ဦးဟန်–ဒေါ်သိန်းကြည်)တို့၏သား၊ မုံရွာမြို့နေ(ဦးဟိန်)–ဒေါ်ကြည်တို့၏ သားသမက်၊ မုံရွာမြို့နေ ဒေါ်ခင်ဖုန်း(စိန်မြှားစတိုး)၏ ခင်ပွန်း၊ သန်လျင်မြို့နေ ဦးသန်းဌေး–ဒေါက်တာဒေါ်ခင်စော၊ မန္တလေးမြို့နေ ဦးစိုးမြင့်[တရားရေးဝန်ထမ်းအဆင့်(၃)ငြိမ်း]–ဒေါ်မာမာဌေး၊ ထားဝယ်မြို့နေ ဦးမောင်မောင်လှ(စခန်းမှူး–ငြိမ်း)–ဒေါ်ခင်ဝင်း(သူနာပြုဆရာမကြီး)၊ ရန်ကုန်မြို့နေ ဒေါ်ဝင်းမေ(ရေနံ)၊ မုံရွာမြို့နေ ဒေါ်ခင်ဟော၊ ဒေါ်ချိုချိုတို့၏ အစ်ကိုကြီး၊ (ကိုထွန်းအောင်စိုး)၊ (ကိုအောင်ခိုင်စိုး)၊ ကိုစိုးညွန့်လှိုင်–မပြုံးပြုံးထွေး၊ ကိုအောင်ကျော်မင်း၊ မလင်းလင်းတို့၏ ဖခင်၊ မောင်ဇင်လင်း၊ မစုစုလှိုင်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုးသည် ၂၉–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀–၇–၂၀၀၄ ရက်တွင် မုံရွာမြို့ ဆားကြွင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြမေ
အသက်(၇၁)နှစ်
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြရွှေ
အသက်(၆၉)နှစ်

တိုက်ကြီးမြို့၊ ပြည်လမ်း (ဦးညွန့်–ဒေါ်သိုက်)တို့၏သမီးများ၊ (ဦးအေးမောင်)–ဒေါ်ကျင်လှိုင်၊ ဒေါ်ဥတို့၏ညီမများ၊ မောင်ကျော်ကျော်ထွန်း၊ မသင်းသင်းလှိုင်တို့၏မိခင် ဒေါ်မြမေ အသက်(၇၁)နှစ်၊ ဦးထွန်းလှအောင်၏ဇနီး၊ မောင်သိန်းကျော်–မစမ်းစမ်းမြိုင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်မြရွှေ အသက်(၆၉)နှစ်တို့သည် ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ပါမောက္ခ ဒေါက်တာစောသန်းထွန်းအောင်
ပါမောက္ခ၊ ဌာနမှူး၊ ဓာတ်မှန်ဌာန(အငြိမ်းစား)
ဆေးတက္ကသိုလ်(၁)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ်၇(က)နေ(ဦးစောဘမောင်–နော်မေရီယံ)တို့၏သားကြီး၊ ဒေါ်နော်ဂဲထရူဖိုး၏ခင်ပွန်း၊ ဒေါက်တာစောရဲထွန်းအောင်–နော်သမိုင်းဖောတင်၊ စောဂီဒီယံထွန်းအောင်–နော်ခရစ္စတီးနာ၊ စောကြည်လွင်အောင်တို့၏ဖခင်၊ စောဂျိုးဇက်၊ နော်အဘီဂေး၊စောဖေရိန်တို့၏အဘိုး၊(ဦးစောစီလီမောင်)–နော်ထွေးစိန်၊ ဒေါ်အိုင်ဗွီမောင်၊ ဦးထွန်းအောင်မြင့်–Dr.ဒေါ်ရင်ရင်မြတို့၏အစ်ကိုကြီး၊ ဦးစောပံဘအောင်–နော်ဇီးနာ၊ ဦးစောထူးသာ–နော်ဖောတေညား၊ နော်နှင်းဆီ–(စောဘုန်းပိုင်မြ)၊ ဦးသန်းထွင့်–နော်ကေခိုင်ကြွယ်၊ Dr.ဦးစောအေးကိုကို၊ ဦးစောလှမိုး–နော်လားဆေးဝါးတို့၏ဘကြီးသည် ၅–၈–၂၀၀၄ရက် နံနက် ၃ နာရီတွင် စင်ကာပူနိုင်ငံ၌ ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

လွမ်းဆွတ်သတိရခြင်း
ဦးစန်းကို
(သရက်မြို့)

ချစ်လှစွာသော မိသားစုကို ခွဲခွာခဲ့သည်မှာ ၆–၈–၂၀၀၄တွင် နှစ်နှစ်ပြည့်ခဲ့သော်လည်း နေ့စဉ်သတိရလွမ်းဆွတ်လျက်ပါ။ ဖေကြီးအတွက် ရည်စူးပြုသမျှကောင်းမှုကုသိုလ် အစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ဇနီး – ဒေါ်ခင်စန်းရီ
သားသမီးများ – ဒုတိယဗိုလ်မှူးကြီးဒေါက်တာမေသွေးကို၊
မစိမ်းညို့ညို့ကို Ph.D, Candidate
(ခေတ္တ–China)–မောင်အောင်စံသူ၊
ဗိုလ်ကြီးနေလင်းကို B.E (Mech)။

ဒေါ်အေးအေးနွဲ့ (မြောင်းမြ)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄(ပ–ထပ်)၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဒေါက်တာအောင်တင်)၏ဇနီး၊ ဒေါ်ချော၏အစ်မကြီး၊ ဦးမြင့်ဆွေ–ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်ဝင်း–ဒေါ်ဖြူဖြူသင်း၊ ဦးစောဦးမောင်၊ ဦးသန်းအောင်–(ဒေါ်အေးအေးချို)၊ ဦးဇော်လွင်ဦး–ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးဆန်းတို့၏မိခင်၊ မစုမြတ်လှိုင်၊ မစုမြတ်နွယ်၊ မခိုင်ဇာသွယ်၊ မစုလှိုင်နှင်း၊ မောင်ချမ်းသာပြည့်စုံတို့၏အဘွားသည် ၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြတင် (မြန်အောင်)
အသက်(၉၀)

မြန်အောင်မြို့ ရွှေကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညဝန္တ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏မယ်တော်၊ မြန်အောင်လမ်းသစ်လမ်းနေ (ဦးဘိုးကြယ်–ဒေါ်အမို့)တို့၏သမီး၊ ရွှေပြည်သာမြို့၊ ၈၂/၃၃/၁၀ ရပ်ကွက်၊ အမှတ် ၄၀၈ (က)နေ ကိုသောင်းစိန်(ခ)မြန်အောင်သန်းဆင့် (အငယ်တန်း၊ လ/ထ သစ်လုံးရောင်း–၁) – မဖြူဖြူအေးတို့၏မိခင်သည် ၄–၈–၂၀၀၄ရက်တွင် ရွှေပြည်သာမြို့နေအိမ်၌ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြစိန် (တောင်ငူ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ ၁၁ လမ်း၊ အမှတ် ၆၆ နေ (ဦးခင်မောင်)၏ဇနီး၊ ဦးဝင်းမောင်–ဒေါ်လှဝင်း၊ ဦးခင်မောင်မြင့်–ဒေါ်ကြည်ကြည်လွင်၊ မခင်လေးမြင့်၊ ဦးထွန်းထွန်း (ထွန်းထွန်း စပို့ရှပ်ဆိုင်၊ မင်္ဂလာဈေး)–ဒေါ်ခင်အေးကြူ(မကြူ ဇာဘော်လီဆိုင်၊ ယုဇနပလာဇာ)၊ ကိုခင်မောင်အေး–မအေးအေးခိုင်၊ ကိုခင်မောင်ဌေး(MK ဖိနပ်ဆိုင်)–မဝင်း၊ မခင်မာအေးတို့၏မိခင်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၄–၈–၂၀၀၄ရက် ည ၈း၀၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးလွန်းမောင် (စတုဘုမ္မိက)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဘုရားလမ်း ၁၊ အမှတ် ၂၆၉ နေ ဒေါ်အေးတင်၏ခင်ပွန်း၊ ဦးထွန်းအေး–ဒေါ်ခင်မြ၊ ဦးညွန့်တင်–ဒေါ်အေးအေး၊ (ဦးသန်းဇော်)–ဒေါ်ခင်မာနွယ်၊ ဦးသန်းနိုင်၊ (ဦးတင်ထွန်း)–ဒေါ်သန်းသန်းတင်တို့၏ဖခင်၊ မြေး ၁၇ ယောက်တို့၏အဘိုး၊ မြစ် ၁၄ ယောက်တို့၏ဘိုးဘိုးကြီးသည် ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်၍ ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာဂျင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်လှလှ (ရွှေတောင်)
အသက်(၆၈)နှစ်

ရွှေတောင်မြို့၊ လမ်းမတော်လမ်းနေ ဦးဘရွှေ–ဒေါ်ကြည်တို့၏သမီး၊ (ဦးမြင့်ဆွေ)၊ ဦးတင့်ဆွေ(ရွှေတောင်ရပ်ရှင်)–ဒေါ်မျိုးမျိုးအေးတို့၏ညီမ၊ ဒေါ်ခင်ခင်နု၏အစ်မသည် ၃–၈–၂၀၀၄ရက် (အင်္ဂါနေ့) ည ၁၁း၂၅ နာရီတွင် အလ္လာဂျင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန် ခိုဂျာအစ်စမိုင်လီသင်္ချိုင်းတွင် ဒါဖနာပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

မောင်မောင်အောင်ကျော်(ရွှေဘ)
CDC No. 30772
(A/B, K&P Enterprise)
အသက်(၃၄)နှစ်

မုံရွာမြို့၊ ရုံးကြီးရပ်နေ ဒေါ်တင်ရှိ၊ ဒေါ်တင်အုန်း (ဒေါ်တင်အုန်း မြန်မာထမင်းဆိုင်)၊ မုံရွာမြို့၊ ကူးတို့မြောက်ရပ်နေ ဦးကျော်တင် (ရေနံမန်နေဂျာ၊ ငြိမ်း)–(ဒေါ်နွဲ့နွဲ့ရီ)တို့၏တူ၊ မုံရွာမြို့၊ ရုံးကြီးရပ်၊ ဘူတာလမ်းနေ (ဦးဖိုးသိ၊ အထက်တန်းရှေ့နေ၊ ငြိမ်း)–ဒေါ်ခင်ညိုတို့၏သား၊ ကိုထင်မြတ်–မဝင်းမာမိုး၊ မသင်းလဲ့ဝင်း၊ မစန္ဒာဝင်းတို့၏မောင်၊ မောင်ထူးအောင်စောဟန် (Second Year, Zoology၊ မုံရွာတက္ကသိုလ်)၏အစ်ကို၊ မရွှန်းလဲ့ရည်ညို၊ မောင်မင်းသန့်ထင်၊ မပိုးလဲ့ရည်ညိုတို့၏ဦးလေးသည် ၄–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ပျဉ်းမနားဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ရက် (သောကြာနေ့)တွင် မုံရွာမြို့ ဆားကျင်းသုသာန်တွင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခင်သောင်း
(သစ်ဆန်းယဉ် မန္တလေးဖိနပ်ဆိုင်)
(မေနှင်း၊ လမင်းသာအထည်ဆိုင်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၃)၊ ခြံအမှတ် ၁၂ နေ (ဒေါ်ငွေခင်)၏ခင်ပွန်း၊ ဦးချစ်ဆွေ–ဒေါ်ကျင်ရွှေတို့၏အစ်ကို၊ ဦးသိန်းမြင့်–ဒေါ်မြသင်း၊ ဦးထွန်းအောင်–ဒေါ်မြမြ၊ (ဦးမြင့်ဌေး)–ဒေါ်ခင်မိမိထွန်း၊ ဦးကျော်မြင့်–ဒေါ်ယုဝါ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်တင်တင်ရှု–ဦးခင်မောင်မြင့်၊ ဒေါ်စန်းစန်းရီ၊ ဦးဝင်းကိုဦး–ဒေါ်ဥမ္မာအေးတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးသက်မင်း (ကမာစဲ)
လူမှုဝန်ထမ်းဦးစီးဌာန၊(ငြိမ်း)
အသက်(၇၇)နှစ်

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာနေ (ဦးအေးမောင်–ဒေါ်ဖွား)တို့၏သား၊ (ဦးမြိုင်–ဒေါ်ညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၉၈၊ မလွကုန်း၊ ဌေးကြွယ်(က)ရပ်ကွက်နေ ဒေါ်တင်အောင်၏ခင်ပွန်း၊ ဦးမင်းဦး–ဒေါ်မြင့်မြင့်သန်း(အထက–၄၊ တာမွေ)၊ ဦးအောင်အောင်–ဒေါ်ခင်သီတာမင်း(စာရင်းကိုင်–၃၊ တံတားအထူးအဖွဲ့–၄၊ ပဆလ)၊ ကိုသန့်စင်မင်း–မစန်းစန်းမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၅၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)
နာယက ဦးထွန်းရင်ဦး
(ရွှေဗဟိုရ်စည်မိသားစု)
(ရမ်းဗြဲ၊ကျောက်နီမော်)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ C-7၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်နေ(ဦးထွန်းမြ–ဒေါ်မဦးဖြူ)တို့၏သား၊ ဒေါ်စိန်ခိုင် (ရွှေဗဟိုရ်စည်)၏ခင်ပွန်း၊ ဦးထွန်းနိုင် (ရွှေဗဟိုရ်စည်ပွဲရုံ၊ ဘုရင့်နောင်)–ဒေါ်တင်လှ၊ ဦးထွန်းနီးခင် (ရွှေဗဟိုရ်စည် အိမ်ဆောက်ပစ္စည်း၊ စော်ဘွားကြီးကုန်း)–ဒေါ်တင်တင်လင်း၊ ဒုတိယဗိုလ်မှူးကြီးလှသန်းမောင် (တပ်မတော်ဆေးတက္ကသိုလ်)–ဒေါ်ခင်သန်းရီ၊ ဦးထွန်းအေး(Tun Oo Family)–ဒေါက်တာသီဂီဦး၊ ဦးအောင်မြင့် (လက်ထောက်ညွှန်ကြားရေးမှူး၊နိုင်ငံခြားရေးဝန်ကြီးဌာန) – ဒေါ်ခင်အေးရီ (UNICEF)၊ မခင်ထွေးရီ (B.E, Civil)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၃–၈–၂၀၀၄ရက် ညနေ ၅ နာရီတွင် အာရှတော်ဝင်ဆေးခန်း၌ကွယ်လွန်သွားပါ၍ ၅–၈–၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများ အားအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးတင်ရှိန် (ဘီလူးကျွန်း)
စေတနာပရိဘောဂ
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၉–စီ၊ သမိန်ဗရမ်းလမ်း၊တာမွေမြို့နယ်နေ(ဦးသောင်းရွှေ–ဒေါ်သင်းကြွေ)တို့၏သား၊ဒေါ်ကျင်လှိုင်၏ခင်ပွန်း၊ (ဦးလျှံဝှက်)–ဒေါ်ခင်ကြည်၊ ဦးရွှေရင်–ဒေါ်ခင်သန်း၊ (ဦးစစ်ချိန်)–ဒေါ်ခင်လှတို့၏ညီ/မောင်၊ ဦးတင်မောင်အေး–ဒေါ်စိန်သွင်၊ ဦးမောင်ပါတို့၏အစ်ကို၊ မတင်တင်မိုး၊ မောင်ထွန်းမျိုးဝင်း–မဖြူဖြူမိုး၊ မောင်သူရစိုး၊ မောင်ကျော်ဇေယျတို့၏ဖခင်၊ မောင်မင်းသုတ၏အဘိုးသည် ၄–၈–၂၀၀၄ရက် ညနေ ၆း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘိုးကဲ
(ရမည်းသင်းအသင်းနာယက)
ကျော်ဇင်(ဇေယျတမန်)
သက်ကြီးပူဇော်ကန်တော့ခံစာပေပညာရှင်
လူထုပညာရေးမှူးဟောင်း
လူမှုဝန်ထမ်းအရာရှိဟောင်း
အထက(၁)၊မရမ်းကုန်း(ငြိမ်း)
(ကုန်သွယ်ရေး–၈၊ ငြိမ်း)
အသက်(၈၇)နှစ်

ရမည်းသင်းမြို့နေ (ဦးစံညွန့်–ဒေါ်ဟံသာ)တို့၏သား၊ (ဦးသာမြစ်–ဒေါ်ရွှေမှန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်အရှေ့လမ်းသွယ်၊တိုက်အမှတ် ၁၉၊အခန်း ၃ နေ(ဒေါ်အုန်း)၏ခင်ပွန်း၊(ဦးဇော်အောင်)–ဒေါ်ခင်သန်း၊ ဒေါ်ဝင်းရီ (စက်မှု–၁၊ ပြင်ထိန်း)၊ (ဦးကျော်မြင့်)–ဒေါ်နုနုအေး၊ ဦးငွေစိုး(Ex;UNDP) – ဒေါ်မြမြဌေး၊ ဦးကိုကိုကြီး–ဒေါ်အေးအေးသန်း(ပုသိမ်ကြီးမြို့နယ်စာရင်းရုံး)၊ ဦးကိုကိုသိန်း (ရွှေမန်းသူ ခရီးသည်ပို့ဆောင်ရေး)–ဒေါ်ညိုညိုနိုင်၊ ဦးရန်အောင်(အိုဆာကာသောက်ရေသန့်) – ဒေါ်ခင်မြနွယ်၊ ဦးကြည်ဦး–(ဒေါ်ကြည်ကြည်လွင်)တို့၏ဖခင်၊ မြေး ၁၆ ယောက်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ အဘေးသည် ၄–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မိမိ (ရန်ကင်း)
အသက်(၇၀)

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်အမှတ် ၂၁၊ အခန်းအမှတ် ၂ နေ (ဦးသိန်း–ဒေါ်ခင်ညွန့်)တို့၏သမီး၊ (ဦးဘကျော်–ဒေါ်လှတင်)တို့၏သမီးချွေးမ၊ (ဦးတင်ဝင်း)၏ဇနီး၊ ဦးစိန်ထွန်းအောင်၊ ဦးမင်းဟန်တို့၏အစ်မ၊ ဒေါ်ကြူကြူဝင်း–ဦးအောင်ကြည်၊ ဦးဝင်းဇော်(မြို့တော်စည်ပင်/ပန်းဥယျာဉ်)–ဒေါ်အေးအေးလွင်(အဝေးသင်)၊ ဒေါ်မူမူဝင်း(အထက–၃၊တာမွေ)၊ ဒေါ်စပယ်တင်ဝင်း၊ ဦးကျော်ကျော်ဝင်းတို့၏မိခင်၊ မောင်ရဲမာန်အောင်၊ မောင်ရန်မျိုးအောင်(အထက–၃၊ ကမာရွတ်)၊ မယမင်းစုလှိုင်(TTC)၊ မောင်ရဲမင်းအောင်၊ မောင်အောင်ကိုမင်း(အထက–၂၊ ရန်ကင်း)တို့၏အဘွားသည် ၄–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်လှတင်(ခ)
ဒေါ်ချေးမ (မြိတ်)
ထိန်လင်းပွဲရုံ(ဘုရင့်နောင်)
အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးဆင်မား–ဒေါ်မြသင်)တို့၏သမီး၊ (ဦးဂွမ်ယုံ–ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၄၅၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးတင်မောင်(ခ)ဦးကြူဘီ]၏ဇနီး၊ မြိတ်မြို့နေ(ဦးဟိုလှိုင်–ဒေါ်ခင်လေး)၊ ရန်ကုန်မြို့နေ (ဦးဟိုစိန်)–ဒေါ်အေးစိန်၊ (ဦးရှင်ဘီး–ဒေါ်အင်ရှူ)၊ [ဒေါ်မကြီး(ခ)အိအိ]တို့၏ညီမသည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁း၅၀ နာရီတွင် ရန်ကုန်အထွေထွေ ဆေးရုံသစ်ကြီးတွင် ကွယ်လွန်ပါသဖြင့် ၆–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ။

ဦးစိုးမောင် (ကျွဲဒုံး)
(ရောဝတီထရေးဒင်းကုမ္ပဏီ)
အသက်(၅၈)နှစ်

မအူပင်မြို့နယ်၊ ကျွဲဒုံးကျေးရွာနေ (ဦးမောင်သောင်း–ဒေါ်မြမေ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးလှရွှေ)–ဒေါ်ကျင်ရီ၊ ဦးစိန်ဝင်း–ဒေါ်ဖြူအေး၊ (ဦးမြင့်သိမ်း–ဒေါ်ကျင်လှ)၊ ပန်းတနော်မြို့နေ(ဦးထွန်းလှိုင်)–ဒေါ်ညိုအိ (လှိုင်သင်ဖျာ)တို့၏မောင်၊ ကျွဲဒုံးကျေးရွာနေ ဦးတင်ဝင်း–ဒေါ်သန်းသန်းဌေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက် ၄၁၊ အခန်း ၂၁ နေ ဒေါ်ကြည်မြင့်(အလပြ၊ ငြိမ်း၊ အလက–၁၊ မအူပင်)၏ခင်ပွန်း၊ မောင်ထွန်းလင်းစိုး၊ မောင်မျိုးမင်းသူ (ပထမနှစ်၊ စီးပွားရေးတက္ကသိုလ်)တို့၏ ဖခင်သည် ၃–၈–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၇–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်
(မန်နေဂျာ၊ ငြိမ်း၊ ကုန်သွယ်ရေး)
ပြည်တော်သာ၊ ပုသိမ်မြို့
အသက်(၉၅)နှစ်

ပုသိမ်မြို့၊ ပြည်တော်သာ၊ တိုက် ၆၊ အခန်း ၁ နေ(ဦးသာဇင်–ဒေါ်ညွန့်)တို့၏သား၊ ဒေါ်ကြည်၏ခင်ပွန်း၊ ဦးလှသန်း(ငြိမ်း၊ ကုန်သွယ်ရေး–၄)–ဒေါ်ခင်မေမြ၊ ဦးစောလှအောင်(ရှေ့နေကြီး)–ဒေါ်နီနီဝင်း(SPWD)၊ ဦးသိန်းအေး(ရှေ့နေကြီး)–ဒေါ်ဖြူဖြူဝင်း၊ ဒေါက်တာမျိုးမင်း–ဒေါ်လှလှဌေးတို့၏ ဖခင်ကြီး၊ ဦးကျော်မိုးဦး (မြန်မာ့ဆက်သွယ်ရေး၊ ပုသိမ်)–ဒေါ်စန္ဒာအောင်(မြန်မာ့ဆက်သွယ်ရေး၊ ပုသိမ်)နှင့် မြေး ၁၂ ယောက်တို့၏အဘိုးသည် အထက်ပါနေအိမ်၌ ၂၆–၇–၂၀၀၄ရက် ကွယ်လွန်သွားပါ၍ ၂၈–၇–၂၀၀၄ရက်တွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ဦးဝေ
မြောက်ဦး(ခွဆုံ)ဝါဈေးရပ်
အသက်(၈၅)နှစ်

မြောက်ဦးမြို့၊ ခွဆုံကျေးရွာ ရွာသူကြီး (ဦးအထွန်း–ဒေါ်မစောသာ)တို့၏ သမီးကြီး၊ မြောက်ဦးမြို့၊ ကျောက်ရစ်ကေရပ်နေ (ဦးမောင်သာပွင့်–ဒေါ်နှင်းဆီဖြူ)တို့၏ချွေးမ၊ (ဦးမောင်မိုးစိန်)၏ဇနီး၊ (ဦးကောင်းစံလှ–ဒေါ်မစောလှ)၊(ဦးထွန်းလှိုင်–ဒေါ်မအေး)၊ (ဦးမြအောင်ကျော်–ဒေါ်မြမြ)၊ဦးစောအောင်–ဒေါ်သိန်းသိန်းတို့၏အစ်မကြီး၊ ဦးသာဖံ–(ဒေါ်ညွန့်ရီ)၊ ဦးစစ်သာအောင်–ဒေါ်ညွန့်စိန်၊ ဦးအေးကျော်စိန်–ဒေါ်အုံးစိန်၊ (ဦးအောင်ကျော်ဝင်း)–ဒေါ်စောမြ၊ ဦးအောင်ကျော်ငြိမ်း၊ ဦးကျော်ကျော်ဦး – ဒေါ်ခင်အေးညွန့်၊ (ဦးလှထိုး–ဒေါ်မြသိန်းနွယ်)၊ ဦးကျော်စိန်ဝင်း–ဒေါ်ခိုင်စံ၊ ဦးကျော်စိန်မောင်–ဒေါ်တင်တင်ရွှေ၊ ဦးကိုကိုမော်–ဒေါ်သာနှောင်းအေးတို့၏မိခင်၊ မြေး ၂၀၊ မြစ်တစ်ယောက်တို့၏ အဘောင်ရှင်သည် ၅–၈–၂၀၀၄ရက် နံနက် ၆း၁၈နာရီတွင် စစ်တွေမြို့ တရားသီးစုရပ်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ အာကိုတ်တော်ကုန်းသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမ
ဒေါ်လှတင်(ခ)
ဒေါ်ချေးမ (မြိတ်)
ထိန်လင်းပွဲရုံ(ဘုရင့်နောင်)
အသက်(၆၇)နှစ်

မြိတ်မြို့နေ (ဦးဆင်မား–ဒေါ်မြသင်)တို့၏သမီး၊ (ဦးဂွမ်ယုံ–ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၄၅၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်နေ [ဦးတင်မောင်(ခ)ဦးကြူဘီ]၏ဇနီး၊ မနှင်းယု၊ မစန်းစန်းသွယ်၊ မောင်သန်းနိုင်စိုး၊ မောင်ကျော်ကျော်လွင်၊ မောင်ညီညီထွေး–မစုစုလင်း၊ မောင်မင်းလွင်တို့၏မိခင်၊ မောင်ဘုန်းစစ်မင်း(IV-A၊ ထ–၁၊ ဒဂုံ)၊ မောင်တင်အောင်ခန့်(KGE၊ ထ–၁၊ ဒဂုံ)တို့၏အဘွားသည် ၂–၈–၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်သက်နိုင်ထွေး (မော်လမြိုင်)
အသက်(၃၂)နှစ်

မော်လမြိုင်မြို့၊ ဈေးကြီးဖက်တန်း၊ အောက်လမ်းမကြီး၊ အိမ်အမှတ် ၁၁၂ နေ[ဦးသောင်းတင်(ခ)ဦးရှုပွေ]–ဒေါ်ဌေးလှတို့၏သားထွေး၊ ဦးအောင်ကြည်–ဒေါ်သိန်းမြိုင်တို့၏သားသမက်၊ဦးကြည်ဟုန်–ဒေါ်လဲ့လဲ့ဝင်း၊ ဦးတင်ဦး–ဒေါ်ဝင်းမြင့်(ဦးဝင်းကျော်)–ဒေါ်မကြီး၊ဒေါ်မြဝေ (အလပြ၊ အထက–၅၊ မော်လမြိုင်)၊ ဦးစန်းဦး–ဒေါ်သီသီမာ၊ ဦးစန်းလွင်–ဒေါ်စန်းစန်းနွယ်တို့၏ညီ/မောင်၊ ဒေါ်စန်းစန်းအေး၏ခင်ပွန်း၊ မပန်းသဥ္ဇာဖူးသွယ်၊ မောင်မင်းခေါင်ထွဋ်ဟိန်းတို့၏ဖခင်သည် ၄–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရန်ကုန်အထွေထွေဆေးရုံသစ်ကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၆–၈–၂၀၀၄ရက်(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါဆေးရုံကြီးမှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဗုဒ္ဓဘာသာ ရဟန်းတော်
ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဦးပဏ္ဍိစ္စ
မူလဓမ္မာစရိယ
မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ (ပ)ဝွေးကုန်းကျောင်း
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ပထမ ဒုတိယအကြိမ် မြို့နယ်သံဃနာယက သမ္မုတိကိုယ်စားလှယ် ဆရာတော် ဦးပဏ္ဍိစ္စသည် (၄–၈–၂၀၀၄ရက်) နံနက် ၇း၃၀ နာရီတွင် မကွေးတိုင်း ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဒါယကာ၊ ဒါယိကာမတို့အား သိစေအပ်ပါသည်။ ရုပ်ကလာပ်တော်ကို နတ်မောက်မြို့နယ် ဝွေးကုန်းရာပြည့်ကျောင်းတိုက်သို့ ပြန်လည်ပင့်ဆောင်ပါမည်။ (အန္တိမဈာပန အစီအစဉ်ကို ထပ်မံအသိပေးကြေညာပါမည်။)

ဈာပနကော်မတီနှင့်တပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သုရဲသမိန်သုဓမ္မာမဟာနိကာယအကျိုးတော်ဆောင်
သုရဲသမိန်ရွာ၊ မင်္ဂလာရာမပရိယတ္တိစာသင်တိုက်
ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ဥေယျ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ သုရဲသမိန်ရွာ၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တဥေယျ အရှင်မြတ်သည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် (၄–၈–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အန္တိမအဂ္ဂိဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။) သုရဲသမိန်ရွာတပည့်သံဃာ၊ဒါယကာ၊ဒါယိကာမများ။

ဒေါ်တန်အန်ပို့
အသက်(၁၀၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၇၊ ၂၂ လမ်းနေ (ဦးလင်ကာချို)၏ဇနီး၊ ကုန်စည်ဒိုင်ပွဲစားကြီး ဦးလင်ကာယုံ–(ဒေါ်ချိန်ဟုန်)၊ ဦးလင်ယုကမ်–ဒေါ်အီကွေ့လန်၊ (ဦးလင်ယုမော်)၊ (ဦးလင်ယုရှောင်)၊ (ဦးလင်ယုတင်)–ဒေါ်ခင်မြမြတို့၏မိခင်၊ မြေး ၁၀ယောက်၊မြေးသမက်သုံးယောက်၊ မြေးချွေးမ လေးယောက်၊ မြစ် ၁၅ ယောက်တို့၏ဘွားဘွားသည် ၅–၈–၂၀၀၄ရက် ည ၇း၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးဘိုးကဲ
ရမည်းသင်းအသင်းနာယက
အသက်(၈၇)နှစ်

ရမည်းသင်းမြို့နေ (ဦးစံညွန့်–ဒေါ်ဟံသာ)တို့၏သား၊ (ဦးသာမြစ်–ဒေါ်ရွှေမှန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်အရှေ့လမ်းသွယ်၊ တိုက်အမှတ် ၁၉၊ အခန်း ၃ နေ (ဒေါ်အုန်း)၏ခင်ပွန်းသည် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့။

ကိုဝဏ္ဏ (ဝင်းလျှံ)
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်း၊ (၃)ရပ်ကွက်၊ တိုက် ၂၁၆၊ အခန်း ၆ နေ ဦးအောင်သိန်း – ဒေါ်ကြည်ဦးတို့၏ သားကြီး၊ ကိုတေဇ(တေဇအောင်)၊ ကိုသူရ(သရုပ်ဆောင်၊ဒါရိုက်တာဇာနာ)–မလွင်မာဦးတို့၏အစ်ကိုကြီး၊ မောင်မြတ်ကောင်း၊ ငယ်ဦးမွန်တို့၏ဘကြီးသည် ၄–၈–၂၀၀၄ရက် ည ၁၀ နာရီတွင် ရန်ကင်းနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅–၈–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေသင်္ဂဟတို့အားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးတင်မျိုးဝင်း (ငြိမ်း)
စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)
အသက်(၃၂)နှစ်

ဒုအရာခံဗိုလ်ဝင်းကြည်–ဒေါ်တင်တင်နွဲ့တို့၏သားငယ်၊ တပ်ကြပ်ကြီးမင်းဇော်–ဒေါ်ခင်မာအေးတို့၏ သားသမက်၊ မသက်မာဦး၏ ချစ်လှစွာသောခင်ပွန်း၊ တပ်ကြပ်တင်စိုးဝင်း–မခေါင်ရမ်းတို့၏ညီ/မောင်၊ မနန္ဒာသူ၏အစ်ကိုဖြစ်သူ ဗိုလ်ကြီးတင်မျိုးဝင်းသည် ၄–၈–၂၀၀၄ရက် နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးပညာဒီပ(ခ)
ဦးပဇင်းညွန့် (မြိတ်)
သက်တော်(၇၃)နှစ်၊
သိက္ခာတော်(၅၃)ဝါ

မြိတ်မြို့နေ ခမည်းတော်(ဦးဘို)–မယ်တော်(ဒေါ်ဖူးရှင်)တို့၏သား၊ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ကျိုက္ကလောရပ်ကွက်၊ လွတ်လပ်ရေးကျောင်း၌ သီတင်းသုံးနေတော်မူ သော ဦးပညာဒီပသည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် (၄–၈–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်ပြီးဖြစ်ပါ၍ ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက် (၆–၈–၂၀၀၄ရက်) သောကြာနေ့ ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးများအားသိစေအပ်ပါသည်။ (လွတ်လပ်ရေးကျောင်းတိုက်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စောရင်
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ပုသိမ်ညွှန့်၊ စံပြရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၅၀(လေးလွှာ)နေ ဦးရှုမောင်–ဒေါ်တင်မြင့်၊ ဦးထွန်းအုံ–ဒေါ်ရင်မေ၊ ဒေါ်ဝိစာရီ(ခ)ဒေါ်လှမြင့် (စွန်းလွန်း)၊ဒေါ်မူ(တိုင်း/ဆောက် အထူးအဖွဲ့–၆၊ မန္တလေး)၊ ဦးအောင်မင်းတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၅–၈–၂၀၀၄ရက် နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးနိုင်ထွန်း (မကွေးမြို့)
B.A (Dhama)
B.E (Petrol) (၁၉၇၉)
အမှုဆောင်အင်ဂျင်နီယာ(ခ)၊
ရေနံတူးဖော်ရေးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
အသက်(၅၀)

မကွေးမြို့၊ အလယ်ရပ်၊ အမှတ် (၅၃/ခ)နေ(ဦးအုန်းမောင်)–ဒေါ်ခင်ထွေးတို့၏သားကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၅၆၊ အောင်သိဒ္ဓိလမ်းနေ ဦးအောင်သောင်း – ဒေါ်ခင်သက်ထားတို့၏မောင်၊ မကွေးမြို့နေ ဦးကျော်ညွန့်–ဒေါ်သန်းသန်းယုတို့၏အစ်ကို၊ တူ တူမ ငါးယောက်တို့၏ဦးလေးသည် ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က မကွေးတိုင်း ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် စာသင်ခန်းများအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ငမိုးရိပ်ရေလှောင်တမံ ရေကောပေ နှစ်သိန်း သိုလှောင်နိုင်

ငမိုးရိပ်ရေလှောင်တမံကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၅ ခုနှစ် မတ် ၂၆ရက်က ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်မြို့တော် ရေပေးဝေရေးသာမက အကျိုးပြုလယ်ယာမြေ ဧက ၇၀၀၀၀ ကို ရေပေးဝေလျက်ရှိသည်။ ငမိုးရိပ်ရေလှောင်တမံ၏ ကန်ရေပြည့် ရေသိုလှောင်နိုင်မှု ဧကပေ တစ်သိန်းရှစ်သောင်း သိုလှောင်ခဲ့ရာမှ ယခုအခါ ရေပိုလွှဲတွင် သံပေ ရုပ်တာများ တပ်ဆင်ပြီးသဖြင့် ရေဧကပေ နှစ်သောင်း ပိုမိုသိုလှောင်ကာ စုစုပေါင်း ရေလှောင်တမံအတွင်း ရေဧကပေ နှစ်သိန်းအထိ သိုလှောင်နိုင်ပြီဖြစ်သည်။ ငမိုးရိပ်ရေလှောင်တမံ အထက်ပိုင်းတွင် (ငမိုးရိပ်ရေလှောင်တမံ ရေကူကန်များအဖြစ်) မဟူရာရေလှောင်တမံနှင့် ပေါင်းလင်းရေလှောင်တမံတို့ တည်ဆောက်ထားသဖြင့် မိုးရာသီအကုန်တွင် အဆိုပါ ငမိုးရိပ် ရေလှောင်တမံ၏ ရေကူကန် ရေလှောင်တမံနှစ်ခုအပါအဝင် စုစုပေါင်းဆည်ရေ ဧကပေ သုံးသိန်းခြောက်သောင်း ကျော် သိုလှောင်နိုင်တော့မည်ဖြစ်သည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ- ကိုရဲ(စိုက်ပျိုးရေး)

ကမ္ဘာတစ်လွှား ထူးထူး ခြားခြား

ငါးပေါင်အလေးချိန်ရှိ ရွှေတုံးကြီး

အမေရိကန်ပြည်ထောင်စု အိုရီဂွန်ပြည်နယ် ဘေကာမြို့ရှိ အမျိုးသားပြတိုက်တွင် ပြသထားသော ၁၉၁၃ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့သည့် ငါးပေါင် အလေးချိန်ရှိသော အမ်းစထရောင်းနာ့ဂ်ဂက်ဟု အမည်ပေးထားသည့် ရွှေတုံးကြီး ဖြစ်သည်။ (ဝဲပုံ) ယင်းအမျိုးသားပြတိုက်တွင် ယင်းဒေသမှထွက်သော အခြားရွှေနမူနာများကိုလည်း ပြသထားသည်။

(ဓာတ်ပုံ-အင်တာနက်)

ငါးမန်းများဝိုင်းရံနေသည့်မင်္ဂလာပွဲ

မီလန်မှ ဒါနီလာကွန်ဆိုလာရိနှင့် ပီးနစ်မှ မော်ရီဇီယို အန်ဒရီအိုစီတို့သည် ငါးမန်း ၁၄ ကောင် ထည့်ထားသော အီတလီနိုင်ငံ ကက်တိုလီကာမြို့ရှိ ပင်လယ်ရေသတ္တဝါပြတိုက် လှောင်ကန်အတွင်း၌ ဇူလိုင် ၃၁ရက်က အများနှင့်မတူ တစ်မူထူးခြားစွာ လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲခဲ့ကြသည်။ (အပေါ်ပုံ) (ဓာတ်ပုံ-အင်တာနက်)

သတင်းဆောင်းပါးအညွှန်း

"ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လာခဲ့သည်။ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒိဋ္ဌဓမ္မ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာမည်ဆိုသည်ကို လုံးဝသံသယ ဖြစ်ဖွယ်ရာ မလိုပါ။ ဒီမိုကရေစီရေးအတွက် စောဒကတက်စရာလည်း မလိုတော့ပါ။ တောင်းဆို တိုက်ပွဲဝင်စရာလည်း မလိုတော့ပါ။ အဘယ်ကြောင့်ဆိုသော် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။"

အောင်မိုးစံ၏ "နိုင်ငံတော်ကိုတစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၆)" ဆောင်းပါး (စာ-၁၀)

တိုက်ခိုက် ခံရပြီးနောက် မီးလောင်ပေါက်ကွဲနေသော ဘဂ္ဂဒက်မြို့အနီးရှိ ရေနံပိုက်လိုင်းတစ်ခု၏ မြင်ကွင်း။

နိုင်ငံတကာသတင်း (စာ-၄)

မြန်မာအမျိုးသမီး အားကစားမယ်နှစ်ဦး ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်ပါဝင်ဆင်နွှဲမည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

နန်းအေးခိုင် (အလေးမ) (ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။

ရန်ကုန် ဩဂုတ် ၅

၂၀၀၄ ခုနှစ် (၂၈)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပွဲတော်ကို ဩဂုတ် ၁၃ရက်မှ ၂၉ရက်အထိ ဂရိနိုင်ငံ အေသင်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ အားကစားပွဲတော်သို့ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (ICC) အဖွဲ့ဝင်နိုင်ငံ ၂၀၁ နိုင်ငံတို့မှ အားကစားနည်းအလိုက် အားကစားမောင်မယ် တစ်သောင်းကျော်တို့က မိမိနိုင်ငံဂုဏ်ဆောင်နိုင်ရေးအတွက် အားကစားစွမ်းရည်များ ပြသယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိကြသည်။ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (ICC) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း အလေးမအားကစားနည်းမှ နန်းအေးခိုင် (ရထားပို့ဆောင်ရေးဝန်ကြီးဌာန) နှင့် မြားပစ်အားကစားနည်းမှ ဒုရဲအုပ်သင်းသင်းခိုင်(ပြည်ထဲရေး) တို့လည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်၍ အဖွဲ့ချုပ်နှစ်ခုစလုံးက အောင်နိုင်ရေးအတွက် ပြင်းပြင်းထန်ထန် လေ့ကျင့်ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၄ ကော်လံ ၁